

. ဘာကြောင့်များ . ငါ့ထံ စေလွှတ်ရပါလိမ့် ...
တခြားမဟုတ်ပါ အရှင်မင်းမြတ် - ကျွန်တော်မျိုး တို့မှာတောထဲ၌ အရှင်သခင်မဲ့စွာနေထိုင်ကြရပါသည် - ထို့ကြောင့် နေရသည်မှာ မတင့်တယ် မသင့်လျော်ပါသဖြင့် ကျွဲတောမှဉ်၌ ဂုဏ်ကျက်သရေမရှိသည်အချင်းပြည့်စုံသူကို ရွာဖွေပြီး မင်းမျောက်ဖို့ဆုံးဖြတ်ကြပါတယ် ...
ဒီအခါအရှင့်ကို မှားလုံးက - တပ်မှ တာ့ဝတ်တည်းရွေးချယ်ကြပါသည် ..
ကျွန်တော်မျိုးတို့၏ - အရှင် သခင်ဘုရင်အဖြစ်လက်ခံတော် မူပါ ...
ဆင်ကြီးဟာမြေခွေးရဲ့စကားကိုတကယ်ဟုတ် မှန်တယ်ဝင်ပြီး လက်ခံလိုက်တော့တယ် ..


ဒဲအဲဒီနောက်..မြေခွေးဘိုရဲကြီး
နောက်ကဖားရေမမ်းသာစွာနဲ့
လိုက်ခဲ့သတဲ့ ..
ဘိုး...အခေွးမြေခွေး ငါ့ကို
ကျည်ပါဦး ရှုန်းမရေ..တက်မရေ
တော့ပါလား ...
မြေခွေးဘိုရဲကြီးက ကျဲစည်တား၀ဲ
အတိုင်းရဲ့ပညာကြွေတဲ့နေရောကို
ရောလာရော ...ဆင်ကြီးမှာပညာထဲ
နှစ်လေတယ် ...
ဒုက္ခလှလှေ ကြီးတွေ့လောဆင်ကြီးဟာ
ကိုးကွယ်ရာမဲ့စွာနဲ့ - ကယ်ပါ - ယူပါ
ဆိုတာမြင်နောက်ဆုံးဒဏ်အစာပြတ်ပြီး
အသက်ဆုံးရှုံးရလေတော့သတဲ့ ...
ပြီး
ဒီအခါမြေခွေးတို့လည်းဆင်ကြီးအသားကိုကိုက်ဖဲ့ယူထုတ်စားသောက်ကြတာပေါ့ကွယ်.

ကျေးဇူးတိုးတင်ရေးမြင့်သည်



ဟိုးရှေးရှေးအခါ "ပေါက္ကံရာမ"ခေါ်တဲ့ ပုဂံပြည်မှာ အနော်ရထာမင်းကြီး စိုးစံတော်မူနေတဲ့အချိန်တုန်းကပေါ့။ အိန္ဒိယပြည် "ကာလင်္ဂတိုင်း"သား ဗုဒ္ဓသာသနာပြု မင်းမြတ်တစ်ပါးဖြစ်တဲ့ "အသောကမင်းကြီး"ရဲ့ အနွယ်တော်ညီနောင် မင်းနှစ်ပါးဟာ အချင်းချင်း စစ်ဖြစ်ခဲ့ကြသတဲ့။ ညီတော် "ပဋိစကမင်း"က စစ်ရှုံးတဲ့အတွက် မင်း၊ မိဖုရား၊ ခွေးရဲသင်းပင်း၊ စစ်သည်ဗိုလ်ပါတွေဟာ ကာလင်္ဂတိုင်းကနေ အလုံးအရင်းနဲ့ အသက်လုပြီး တိမ်းရှောင်ထွက်ပြေးလာခဲ့ကြရတယ်။

အဲဒီလိုနဲ့ တောကြားတောင်ကြားမှာ ပုန်းလိုက်ရှောင်လိုက်၊ ရေကြည်ရာမြေတ်နရာ ရွှေ့လိုက်ပြေးလိုက်နဲ့ စစ်ဘေးရှောင်လိုက်ကြတာဟာ ပုဂံပြည်ကြီးဆီကို ဒုတ်ဒုတ်ထိ ရောက်လာကြကရော....တဲ့။

အဲဒီတော့ အနော်ရထာမင်းကြီးထံမှာ ဝင်ရောက် ခိုလှုံခစားကြရတာပေါ့။

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးကလည်း ကရုဏာထားတော်မူပါတယ်။ ဗုဒ္ဓသာသနာပြုမင်း၊ သာသနာတော်မှာ နေတစ်ဆူ၊ လတစ်ဆူလို ကျော်ကြားတော်မူလှတဲ့ "အသောက"မင်းတရားကြီးရဲ့ အနွယ်တော်များဖြစ်လို့မို့လည်း သာသနာ့သွေးနဲ့ သံယောဇဉ် ပိုခဲ့ဟန်တူပါရဲ့။ အဲဒါကြောင့်လည်း ကျွဲဖြူသားရေတစ်ချပ်ကို ပေးသနားပြီး "ကိုင်းကွယ်... ဟောဒီကျွဲဖြူသားရေတစ်ချပ်စာ မြို့တည်ပြီးတော့သာနေချေဟဲ့။ ငါ့ရဲ့ ထီးရပ်နန်းရိပ်နဲ့ကင်းတဲ့ သင့်တော်ရာအရပ်ကို ရှာဖွေပြီးနေကြစေ။ ရွှေပန်းခိုင်၊ ငွေပန်းခိုင် ကန်တော့လက်ဆောင်များနှင့်တကွ အခွန်ဘဏ္ဍာများလည်း အမြဲမပြတ်ဆက်သွင်းစေ။ နှစ်စဉ် အရိုးအစဉ်ရှိတဲ့အတိုင်း အဖူးအမြော်၊ ပူဇော်ကန်တော့ဖို့လည်း ဝင်ကြ ထွက်ကြစေ။ လိုအပ်ရာရာများရှိတဲ့အခါ အစောင့်အရှောက် အမအစ ခံယူရရှိကြစေ..." လို့ မိန့်တော်မူခဲ့သတဲ့။

ကျွဲဖြူသားရေတစ်ချပ်စာလောက်နဲ့ ဘယ်လို မြို့တည်ရမှာတုန်းလို့လည်း အတွေးမတိမ်လိုက်နဲ့ဦး။ မြို့နန်းတည်ထောင်ဦးစီးနိုင်မယ့် အကြံဉာဏ်၊ အမြော်အမြင်ရှိရဲ့လားလို့ အကဲခတ်စမ်းသပ်လိုက်တဲ့ ရှေးက မြန်မာကြီးများရဲ့ အင်မတန်ရင့်သန်တဲ့ အတွေးပေမို့ စောင့်လို့သာကြည့်ရော့။

ဒီလိုနဲ့...၊ မင်းမြတ်အနော်ရထာရဲ့အမိန့်တော်ကို ဦးထိပ်ရွက်ပြီး မြို့နန်းတည်ထောင်ဖို့ နယ်မြေသစ်အရှာထွက် လာခဲ့ကြသတဲ့။ ချင်းတွင်းမြစ်အတိုင်း လာခဲ့ကြရာက ဒီကနေ့ခေတ် "မုံရွာမြို့" ရယ်လို့ ဖြစ်လာမယ့် ဒေသရောက်တဲ့အခါ မုန့်သည်မတစ်ယောက်က မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဆီကြော်တွေကို ရောင်းချနေတာကို တွေ့သတဲ့။ သူလုပ်တဲ့ မုန့်တွေကသာ အရသာရှိရုံမျှမက မုန့်သည်မလေးရဲ့ ဆင်းသွင်ရုပ်ဝါ ကြန်အင်လက္ခဏာကလည်း အလွန်ကောင်းဆိုပဲ။ မုန့်သည်မလေးရဲ့မုန့်တွေကို စားကြရင်း ဟိုဟိုသည်သည် မျှော်ကြည့်ကြတော့ ဘုရားတစ်ဆူ ဖူးမြင်ကြရသတဲ့။ ဘုရားသမိုင်းကို မုန့်သည်မလေးက သူ ကြားဖူးနားဝရှိတဲ့အတိုင်း ပြောပြတယ်ဆိုကိုး။ အဲဒီအခါ အဲဒီစေတီတော်ကြီး ဟာဖြင့်ရင် သူရဲ့ ဘိုးတော် အသောကမင်းကြီးရဲ့ ကုသိုလ်တော်ပဲလို့ သိလိုက်ရတဲ့အတွက်ကြည်ညိုလိုက်တာတဲ့။ ဘုရားကြီးရဲ့အနီးအနားမှာ ၄၉ ရက်တိတိ စခန်းချစံမြန်းနေခဲ့တဲ့အပြင် "ပဋိစ္စက်ကမင်း" က ပညာရှိမုန့်သည်မလေးကိုလည်း အဂ္ဂမဟေသီအဖြစ် သိမ်းပိုက်မြှောက်စားခဲ့သတဲ့။ မုန့်သည်မလေး မုန့်ရောင်းတဲ့နေရာကို မုန့်သည်မရွာလို့ အမည်ပေးထားပြီး ရွာတည်ပေးခဲ့ဆိုကိုး။ အဲဒီကနေမှ ကာလကြာတော့ "မုန့်သည်ရွာ"၊ "မုန့်ရွာ"၊ "မုံရွာ"လို့ ခေါ်လာခဲ့လိုက်ကြတာ အခုတော့ မုံရွာမြို့ရယ်လို့ စည်ကားဖွံ့ဖြိုးနေခဲ့ပြီတဲ့လေ။ (တချို့ပညာရှိတွေကတော့ မုန်ပင်တွေပေါက်တဲ့အရပ်မို့ နငယ်သတ်ပြီး မုန်ရွာရေးမှ အမှန်လို့ ဆိုကြလေရဲ့။ ပုဂံကျောက်စာတစ်ချပ်နဲ့ သာလွန်မင်းစစ်တမ်းမှာ "မုန်ရွာ"လို့ ရေးထုံးရှိခဲ့တယ်။ ရဟန်းပညာရှိ ဇောင်ကြမ်းပင်ဆရာတော်ကြီးကလည်း "မုန်ရွာ"ရေးထုံးကိုပဲ နှစ်သက်တော်မူပါသတဲ့။)

မြို့တည်ဖို့ မြေရာရဦးမယ့်အရေးကြောင့် ရှေ့ခရီးကို ဆက်ထွက်လာခဲ့ကြသတဲ့။ လမ်းခွတ်လပ်မှာ ချုံအတွင်းက ယုန်တစ်ကောင်ထွက်ပြေးလို့

မုန့်သည်မတစ်ဖြစ်လည်း မိဖုရားက "ဟော... ကြည့်ကြစမ်းပ... ယုန်။ ကြည့်ပ...ယုန်။ ကြည့်ပ ယုန်"လို့ အော်ကြီးဟစ်ကျယ်နဲ့ ဘုရင်၊ မှူးမတ်၊ စစ်သည်ဗိုလ်ပါတွေကို ညွှန်ပြသတဲ့။ အဲဒီနေရာကို "ကြည့်ပယုန်"ရယ်လို့ အထိမ်းအမှတ်နေရာ လုပ်ထားခဲ့ပြီး ရွာတည်စေပြန်သတဲ့။ "ကြည့်ပ ယုန်"ကနေ "ကြည့်ပဒုံ"အခုကာလမှာ "ဗဒုံမြို့"လို့ ခေါ်တွင်နေကြသတဲ့။

ချုံထဲက ထွက်ပြေးတဲ့ယုန်ကောင်ကို ခွေးတွေက ဝိုင်းလိုက်ကြတယ်။ ဒါပေမဲ့လို့ အဲဒီခွေးအုပ်ကို ယုန်က ပြန်ကိုက်လို့ ခွေးအုပ်ကြီး ပြန်လှည့်ပြေးခဲ့ရပါရောလား။ မကြံစဖူး ထူးကဲလှတဲ့ နိမိတ်ထူးကြီးပါကလားရယ်လို့ ရင်သပ်ရှုမော ဖြစ်ကြရသတဲ့။ "ပဋိစက္က"မင်းရဲ့အခါတော်ပေး ပုဏ္ဏားတော်ကြီးက "ဒီအရပ်ဟာဖြင့် ပကတိအောင်မြေ၊ ဘူမိနက်သန်အောင်မြေအရပ်ဖုရာ၊ ဒီအရပ်ကို ဗဟိုပြုလို့ ရွှေထီးရွှေနန်း စိုက်တော်မူပါ"လို့ ဝမ်းသာအားရ တင်လျှောက်တယ်ဆိုကိုး။ အဲဒီတော့မှ အနော်ရထာမင်းကြီး ပေးသနားတော်မူလိုက်တဲ့ ကျွဲဖြူသားရေကို အလွန်သေးငယ်တဲ့ ကြိုးမျှင်ကလေးတွေဖြစ်အောင် လှီးပြီး၊ ကျွဲသားရေမျှင်ကလေးတွေကို ဆက်ထုံးလို့ ဧရာမသားရေကြိုးအရှည်ကြီးရအောင် ပြုလုပ်စေသတဲ့။ ရလာတဲ့ကျွဲဖြူသားရေကြိုးအရှည်ကြီးကို လေးထောင့်စတုရန်းကျကျ တိုင်းတာနေရာချစေပြီး အဲဒီသားရေကြိုးရဲ့အဝန်းအတိုင်း မြို့နန်းတည်စေခဲ့သတဲ့။ (ကဲ... ရှေးက လူကြီးသူမတွေရဲ့ဉာဏ်ပြေးပုံကို ယုံပြီမဟုတ်လား။ သာမန်ဉာဏ်ကလေးလောက်နဲ့တော့ ကျွဲဖြူသားရေတစ်ချပ်စာ မြေအကျယ်ဟာ အိမ်တစ်လုံးတောင် ဆောက်နိုင်မှာ မဟုတ်ဘူးလေ။ နော့....)။

ယုန်ကောင်စပြီးထွက်ပြေးတဲ့နေရာကို "စပြေး"လို့ အမည်ပေးပြီး အဓိကရအောင်မြေနေရာအဖြစ် စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့တယ်။ "ဘုရားလေးဆူ၊ ဂူလည်းလေးဖြာ၊ ကျစ်မှာလေးပါး၊ သိမ်းကားလေးဆောင်၊ ချောင်လေးချောင်နှင့်၊ ကုန်းဟောင်းလေးမည်၊ အိုင်လေးလီ၊ အင်းသည်လေးအင်း ရှိလတ္တံ့"ဆိုတဲ့ တဘောင်စကားနဲ့အညီ ဗဒုံမြို့တည်မယ့်အရပ်ဟာ ကျီးအင်းလို့ခေါ်တဲ့ ကန်တော်ကြီးအင်း၊ ကွေ့ကြီးအင်းလို့ ခေါ်တဲ့လှေကူးအင်း၊ နွားကူးအင်းနဲ့ဘုရားကြီးအင်းစတဲ့ အင်းကြီးလေးအင်းတို့ ပတ်ပတ်လည်မှာ ရှိနေတာကလည်း ပြောစမှတ်ပါပဲ။

ဗဒုံမြို့ကိုတည်ပြီး လက်ဦးအစ မင်းပြုစိုးစံခဲ့တဲ့ ပဋိစက္ကမင်းဟာ စဉ်းစားဉာဏ်အမြော်အမြင်ကျယ်ဝန်းပြီး ပစ္စည်းဥစ္စာ ပေါများကြွယ်ဝလာသလို ပြည်သူလူထု အများကိုလည်း ရင်ဝယ်သားကဲ့သို့ မေတ္တာ၊ ကရုဏာကြီးမားလွန်းသတဲ့။ အဲဒါကြောင့် ဘုရင်တစ်ပါးဖြစ်ပေမဲ့လည်း သူ့ပြည်သူလူထုတွေက သူ့ကို "အဘဉာဏ်ကျယ်၊ ဘသူကြွယ်"ရယ်လို့ ချစ်စနိုးခေါ်ခဲ့ကြတယ်ကိုး။

ဗဒုံ(တစ်နည်း)အလုံမင်း "ဘသူကြွယ်"ဟာ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးထံကို နှစ်စဉ်နှစ်တိုင်း ရွှေပန်းခိုင်၊ ငွေပန်းခိုင်နဲ့တကွ လက်ဆောင်တော်၊ ပဏ္ဏာတော်များကို မှန်မှန်ဆက်သခဲ့သတဲ့။ ပုဂံပြည့်ရှင်ကလည်း ချစ်မြတ်နိုးစွာ စောင့်ရှောက်ခဲ့ပါသတဲ့။

နို့ပေတဲ့။ ပျက်ကိန်းရယ် ကြုံလာပြန်လေ တော့ "ဘသူကြွယ်"တို့ရဲ့ အလုံနယ်တစ်ဝိုက်မှာ မိုးခေါင်တဲ့ကပ်ဘေးကြီးက ကာလတာရှည် ကျရောက်လို့လာခဲ့တယ်။ လယ်ယာမိုးမြေ၊ လုပ်ရာ ကိုင်းခင်းတွေ ပျက်စီး။ ရေတွင်းရေကန်၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေခြောက်ခန်း၊ ပြည်သူ အများဟာ အစာရေစာ ငတ်မွတ်ခေါင်းပါးပြီး သေကြေကြေကြ။သိပ်ဒုက္ခရောက်ခဲ့ကြရတယ်ဆိုတယ်ကိုး။

ဗဒုံမင်း "ဘသူကြွယ်"က လက်ဆောင်ပဏ္ဏာတော် အမြောက်အများနဲ့ တမန်တော်အဖွဲ့ကို အမြန်စေလွှတ်ပြီး ပုဂံအနော်ရထာမင်းထံ အကူအညီ တောင်းခံခဲ့တယ်။ ကံဆိုးချင်တော့ တမန်အဖွဲ့တွေဟာ ပုဂံကိုလည်းမဝင်၊ဗဒုံကိုလည်းမပြန်ကြတော့ဘဲ ဇရာဝတီမြစ်ကြောင်းအတိုင်းအောက်ပြည်အောက်ရွာကို စုန်ဆင်းပြေးလို့ လက်ဆောင်ပဏ္ဏာတော်တွေကို ခိုးယူတိမ်းရှောင် သွားကြ သတဲ့။

ပုဂံကအကူအညီကိုမျှော်ရင်းမိုးခေါင်တဲ့ဘေး၊ ငတ်မွတ်ခေါင်းပါးတဲ့ဘေးကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲရင်ဆိုင်နေရတဲ့ "ဘသူကြွယ်"က နောက်နှစ်ဆန်းမှာလည်း လက်ဆောင်ပဏ္ဏာတော် အမြောက်အများနဲ့အတူ သံတမန်အဖွဲ့ကို ထပ်မံစေလွှတ်ခဲ့ပြန်သတဲ့။ သူကိုယ်တိုင်ကတော့ မလိုက်နိုင်ခဲ့ဘူးပလေ။ သူ့မြို့ သူရွာတစ်ခွင် တစ်နယ်လုံး အငတ်ဘေးကြီး ဆိုက်နေတာကို လုံးလုံးပစ်ထားခဲ့ပြီး သူ ဘယ်မှာ ထွက်သွားလို့ ဖြစ်မှာတဲ့တုန်း။ မဟုတ်ဘူးလား။

ဆိုကြပါစို့ကွယ်။ ပုဂံပြည့်ရှင်ဆီကို လက်ဆောင်ပဏ္ဏာတော်တွေနဲ့ လွှတ်လိုက်သမျှ တမန်အဖွဲ့တွေဟာ သုံးနှစ်လုံးလုံး၊ သုံးကြိမ်သုံးခါစလုံး လက်ဆောင်ပဏ္ဏာ၊ ရွှေငွေပစ္စည်းတွေနဲ့အတူ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသတဲ့။ အငတ်ဘေးကြီးကိုကြောက်ပြီး ကြံမိကြံရာ လုပ်သွားကြတာနဲ့တူပါရဲ့။

ဒီအကြောင်း အဖြစ်သနစ်စုံတွေကို ပုဂံပြည့်ရှင်က မသိဘူး။ သုံးနှစ်တိုင်တိုင် ပဏ္ဏာလည်းမဆက်၊ ထီးရိုးနန်းစဉ် ရှိခိုးကန်တော့ဖို့လည်းမလာ၊ အဆက်ပြတ်နေလေတဲ့ "ပဋိစက္ကမင်း"ဟာ မင်းအာဏာကို ဖီဆန်ပြီနဲ့ တူရဲ့လို့ ထင်ယောင်မှားပြီး ဗဒုံမင်း "ဘသူကြွယ်"နဲ့ မိဖုရား၊ သား၊ မြေးတွေကို "ဖမ်းဆီးစေ"လို့ ရာဇသံနဲ့တကွ မင်းစေတမန်တွေ စေလွှတ်လိုက်ပါရောတဲ့။ သိတဲ့အတိုင်း ပုဂံမင်းရဲ့ စစ်သည်သူရဲ အလုံးအရင်းကလည်း စစ်အင်္ဂါအခင်းအကျင်းတွေနဲ့တကွ အပူတပြင်း ချီတက်လာကြတယ်ကိုး။

အဲဒီသတင်းဆိုးကို "ဘသူကြွယ်" ကြားတဲ့အခါ ပြင်းစွာ တုန်လှုပ်ချောက်ချားခြင်းဖြစ်သတဲ့။ အနော်ရထာမင်းကြီးရဲ့ကြီးမားလှတဲ့ကျေးဇူးတော်ဂုဏ်ကို အောက်မေ့ဆင်ခြင်မိလေလေ၊ မှောက်မှောက်မှားမှား ကြုံလာရတဲ့ သူ့ဘဝရဲ့အဖြစ်သနစ်တွေကို ယူကျုံးမရ ဖြစ်ရလေလေပဲ...တဲ့။ ပုဂံပြည့်ရှင်ကို မျက်နှာပြဖို့လည်း မဝံ့ရဲရှာတော့ဘူး...တဲ့လေ။ ကျေးဇူးကြွေးကို အသက်နဲ့ပေးဆပ်မှပဲ ပြေနိုင်ပေတော့မယ်လို့လည်း တွေးမိရှာသတဲ့။ ကျေးဇူးရှင်ရဲ့အထံတော်ကို ပုန်ကန်ခြားနားသူ ရာဇဝတ်

သားတစ်ဦးအဖြစ် ဝင်ရောက် ခစားရမှာထက် အသက်ကို စတေးပြီး သစ္စာစောင့်သိကြောင်း သက်သေပြလိုက်ရတာကမှ မြတ်သောသေခြင်း ဖြစ်တော့မယ်လို့လည်း နလုံးပိုက်မိသတဲ့။

အဲဒါကြောင့် ဖခင်သဖွယ် ကျေးဇူးရှိတဲ့ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးကို လွမ်းတဖူးမြော်ရာ "သားလွမ်း"တောင်(ယခုအခါတော့ "စလွန်းတောင်"လို့ ခေါ်ကြလေရဲ့။) ပေါ်ကနေ သူ့ရဲ့ စီးတော်မြင်းမျက်နှာကို အဝတ်၊ ပုဆိုးတွေနဲ့ အုပ်စီးပြီး ချင်းတွင်းမြစ်အတွင်း ဒုံးစိုင်းခုန်ချကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ပါလေရောတဲ့။

အဲဒီလို အံ့ဖွယ်သရဲရှိလွန်းလှတဲ့ ဗဒုံမင်း "ဘသူကြွယ်"ရဲ့ "ကျေးဇူးတုံ့တင်"အဖြစ်သနစ်ဆိုးကို အနော်ရထာမင်းကြီး ကြားသိရတဲ့အခါ ရင်ထုမနာကြေကွဲမဆုံး ဖြစ်ရလွန်းလို့တဲ့။ "ဒီလို ရာဇဝင်မျိုးဟာ သားအစဉ်မြေးအဆက် ပြောထုံးတွင်ရစ်စေရမကွယ့်"လို့ မိန့်ကြားပြီး "ဘသူကြွယ်"လူသားဘဝက ပိုင်ဆိုင်ခဲ့သမျှ နယ်ပယ်အလုံးစုံကို မင်းအာဏာနဲ့ အကွပ်အထိန်း လုံးဝမရှိစေရ။ "ဘသူကြွယ်"သာလျှင် အစဉ်အဆက် ပိုင်းစိုးစေရမကွယ့်"လို့မိန့်ကြားပြီးဘသူကြွယ်ရဲ့ဝိဉာဉ်ခိုးနားဖို့ ရွှေတောင်ဦးတောင်၊ စလွန်းတောင်၊စပြေးတောင်တွေပေါ်မှာ ကွန်းတွေဆောက်ပေးခဲ့တယ်။ နှစ်စဉ်တပေါင်းလပြည့်ကစလို့ လပြည့်ကျော် ၁၄ ရက်နေ့အထိ ကာလအတွင်း "ဘသူကြွယ်"ကို ဗဒုံနယ်တစ်ရိုးကသား၊ မြေး၊ အစူအစဉ်တွေက ပူဇော်ကန်တော့ကြစလို့လည်း အမိန့်ချခဲ့တယ်။

အဲဒီကတည်းကစလို့ အလုံဘိုးဘိုးကြီးလို့ခေါ်တဲ့ ဘသူကြွယ်(၀၀)ဘဉာဏ်ကျယ်ကို ပူဇော်ကန်တော့ကြတဲ့ ရိုးရာပွဲတော်တစ်ခု ပေါ်ထွန်းလာခဲ့ပါသတဲ့။ အထက်အညာမှာ ဗဒုံနတ်နန်း၊ အလုံဘိုးတော်ကြီးနတ်နန်း၊ အလုံဘိုးဘိုးကြီးနန်းတွေမှာ အမဲသား၊ ဝက်သားမပါ ဟင်းလျာ(၅)မျိုးနဲ့ ပင့်သံဃာ ၃၇ ပါးကို ဆွမ်းလောင်းအမျှဝေတဲ့ မြတ်နိုးစရာ ဘာသာဓလေ့ကလေးလည်း နှစ်ပေါင်းရာချီ ခိုင်မြဲလာခဲ့ပါသတဲ့။


အလုံ၊ မုံရွာနယ်သားများဟာ အလုံဘိုးဘိုးကြီး "ဘသူကြွယ်"ရဲ့အမျိုးအနွယ်တွေပေမို့ သစ္စာမြဲမြံသူတွေရယ်လို့ ဂုဏ်ယူဝံ့ကြွားတတ်ကြသလို "ဘသူကြွယ်"စောင့်ရှောက်တဲ့အတွက် အလုံ၊မုံရွာသားစစ်ရင် ဆင်းရဲနွမ်းပါးတဲ့သူ မရှိဘူးလို့လည်း ပြောစမှတ်ပြုကြပါသတဲ့။

ပြီးတော့ "သစ္စာတုံ့တင် ကျေးဇူးတုံ့တင်" ရာဇဝင်နဲ့အတူ ပုဂံဘုရင် အနော်ရထာလက်ထက်တည်းကစလို့ ဘယ်သူရဲ့ အုပ်ချုပ်မှုမှ မခံခဲ့ရတဲ့ မွေးရာပါ လွတ်လပ်သူတွေအဖြစ်လည်း သူတို့ကိုယ်သူတို့ တခမ်းတနား ဂုဏ်ယူတတ်ကြပါသေးသတဲ့။

ဇေယျမင်းသျှင်

အသက်အရွယ်နှင့် ဉာဏ်ပညာ

သန္တာမြတ်သောင်း



ကလေးတို့ရေ . . .

ဒီတစ်ခါပြောပြမယ့်ပုံပြင်လေးက “အသက်အရွယ်နဲ့ ဉာဏ်ပညာ”ပါတဲ့။ ဉာဏ်ပညာ ကြီးမားသူဟာ အသက်ကြီးတာ ငယ်တာနဲ့မဆိုင်ဘဲ လောကမှာ အားကိုးဖွယ်ဖြစ်ကြောင်း ဇာတ်နိပါတ်ထဲက ဖြစ်ရပ်လေးကို နားထောင်ကြစို့နော်။

× × ×

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးတယ်။

အဲဒီဘုရင်ကြီးမှာ အာဒါသမုခဆိုတဲ့ သားတော်လေးတစ်ပါး ရှိတယ်။ အဲဒီသားတော်လေးဟာ ဉာဏ်ပညာ အလွန်ထက်မြက်တယ်ကွဲ့။ အဲဒါကြောင့် ဘုရင်ကြီးဟာ ခုနစ်နှစ်အရွယ်သားတော်

လေး အာဒါသမုခကို ဗာရာဏသီတိုင်းပြည်ရဲ့ ထီးနန်းကို လွှဲအပ်ပေးလိုက်သတဲ့ကွယ်။

အာဒါသမုခလေးဟာ ဘုရင်ဖြစ်သွားတာပေါ့။ လွယ်လွယ်ကူကူနဲ့ သူ့ကို မောင်ဉာဏ်ထက်လို့ပဲ ပြောရအောင်နော်။ ခုနစ်နှစ်သားဘုရင်လေးမောင်ဉာဏ်ထက်ဟာ ဗာရာဏသီတိုင်းပြည်ကြီးကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သတဲ့။ မောင်ဉာဏ်ထက်လေးရဲ့ အုပ်ချုပ်တာကို တိုင်းသူပြည်သားအများစုက ကျေနပ်ပေမဲ့ တရားရေးရာအမတ်ချုပ်ကြီးက လုံးဝ မကျေနပ်ဘူးပေါ့။

အရင်တုန်းက အမတ်ချုပ်ကြီးက လာဘ်လာဘတွေ အများကြီးယူပြီး တရားစီရင်လို့ရပေမဲ့ မောင်ဉာဏ်ထက်လေး ဘုရင်ဖြစ်လာတော့ အဲဒီလိုလုပ်လို့မရတော့တဲ့အတွက် ဘုရင်လေးမောင်ဉာဏ်ထက်ကို မကြိုက်ဘူးပေါ့။ အမတ်ကြီးဟာ ဘုရင်ငယ်ငယ်လေးရဲ့လက်အောက်မှာတော့ မနေနိုင်ဘူးဆိုပြီး အမတ်ချုပ်ရာထူးကထွက်ပြီးတော့ တောရွာဇနပုဒ်ကို သွားတာပေါ့ကွယ်။

ရွာရောက်တော့ အမတ်ချုပ်ကြီးဟာ တောရွာအလုပ်ဖြစ်တဲ့ လယ်ယာကိုပဲ လုပ်ဖို့ပြင်ရတာပေါ့။ အမတ်ချုပ်ကြီးမှာ နွားမရှိဘူးတဲ့။ အဲဒီတော့ လယ်ထွန်ဖို့အတွက် ခင်မင်ရင်းနှီးတဲ့ ရွာသားတစ်ဦးဆီကနွားတစ်ရှဉ်းငှားရတာပေါ့။ အမတ်ကြီးဟာလယ်ထွန်ပြီးတော့ ငှားထားတဲ့နွားနှစ်ကောင်ကို ပိုင်ရှင်ဆီ လာပြန်ပို့တယ်။

အမတ်ကြီး နွားလာပို့တဲ့အချိန်မှာ နွားပိုင်ရှင်လင်မယားဟာ ထမင်းစားနေသတဲ့။ အမတ်ကြီးနွားနှစ်ကောင်မောင်းလို့ ခြံထဲဝင်လာချိန်မှာ နွားပိုင်ရှင်ဟာ အမတ်ကြီးကို ထမင်းစားခေါ်ဖို့ ဟန်ပြင်ပေမဲ့ ထမင်းအိုးထဲမှာ ထမင်းကုန်နေတဲ့အတွက် အမတ်ကြီးကို အားနာတော့ မမြင်ချင်ယောင်ဆောင်နေတာပေါ့။ ဒါနဲ့ အမတ်ကြီးလည်း နွားတွေထားပြီး ပြန်ထွက်လာတာပေါ့။

အမတ်ကြီးကံဆိုးချင်းတော့ ညမှာ အမတ်ကြီးပြန်ပို့ထားခဲ့တဲ့ နွားတစ်ရှဉ်းဟာ အခိုးခံရသတဲ့။ နွားတွေပျောက်ပြီလည်းဆိုရော နွားရှင်က အမတ်ကြီးကို နွားပြန်မပို့ရသေးဘူးဆိုပြီး အလျော်တောင်းတာပေါ့။ အမတ်ကြီးမှာ ပိုက်ဆံမရှိတဲ့အတွက် မလျော်နိုင်ဘူးဆိုပြီး အငြင်းအခုန်ဖြစ်ရင်း ဘုရင်လေးမောင်ဉာဏ်ထက်ထံမှာ နှစ်ယောက်သား အဆုံးအဖြတ်ခံယူမယ်ဆိုပြီး ထွက်လာခဲ့ကြသတဲ့။

ဟိုးအရင်တုန်းက အခုခေတ်လို လေယာဉ်ပျံတွေ၊ ရထားတွေ၊ ကားတွေ၊ သင်္ဘောတွေ မရှိသေးဘူးကွဲ့။ လမ်းခရီးရှည်ကြီးကို နားရင်းသွားရတာပေါ့။ လမ်းမှာ ရွာတစ်ရွာရောက်တော့ အမတ်ကြီးဟာ ဗိုက်ဆာတဲ့အတွက် ရွာထဲက အိမ်တစ်အိမ်မှာ ထမင်းကျွေးဖို့ တောင်းပန်တာပေါ့။ အိမ်ရှင်မဟာ ထမင်းချက်ပြီးသား အဆင်သင့်မရှိသေးတာနဲ့ စပါးကျိပေါ်တက်ပြီး ဆန်ခပ်တယ်။ ကံဆိုးချင်

တော့ အဲဒီမိန်းမဟာ စပါးကျီပေါ်က ခြေချော်ပြုတ်ကျပြီး ဗိုက်ထဲက ကိုယ်ဝန်ဟာ ပျက်ကျသွားသတဲ့။ အဲဒီတော့ အဲဒီမိန်းမရဲ့ခင်ပွန်းဟာ အမတ်ကြီးကို သိပ်စိတ်ဆိုးသတဲ့ကွယ်။ အဲဒါကြောင့် ဘုရင်လေးမောင်ဉာဏ်ထက်ထံ တရားစွဲဆိုဖို့ ယောကျ်ားဖြစ်သူက လိုက်ပါလာတာပေါ့။

ဒီလိုနဲ့ ခရီးဆက်လာလိုက်တာ လမ်းမှာကဆုန်ပေါက်ထိတ်လန့်ပြီး ပြေးလာတဲ့မြင်းတစ်ကောင်နဲ့ နောက်က လိုက်ဖမ်းနေတဲ့ မြင်းရှင်တစ်ယောက်ကို သူတို့တွေ့ကြတယ်။ မြင်းရှင်က မြင်းလန့်ပြီး ထွက်ပြေးလို့ပါ လုပ်ကြပါဦး၊ ခြောက်လှန့်ပေးပါဦး လို့အော်တော့ အမတ်ကြီးက ခြေသွက်လက်သွက်နဲ့ ကျောက်ခဲတစ်လုံးကောက်ပြီး မြင်းကို လှမ်းပေါက်လို့ ခြောက်လှန့်လိုက်တာပေါ့။ ဖြစ်ချင်တော့ အမတ်ကြီးပေါက်လိုက်တဲ့ ကျောက်ခဲဟာ မြင်းရဲ့ခြေထောက်ကို မှန်ပြီး မြင်းခြေထောက်ကျိုးသွားပါရော။ မြင်းရှင်က စိတ်ဆိုးပြီး အမတ်ကြီးကို အလျော်တောင်းတာပေါ့။ အမတ်ကြီးမှာ လျော်စရာ ငွေအသပြာမရှိဘူးဆိုတော့ တရားစွဲမယ်ဆိုပြီး နန်းတော်ကို သူလည်းလိုက်လာသတဲ့ကွယ်။

ဒီလိုနဲ့ သူတို့ ခရီးထွက်လာလိုက်တာ တောင်တန်းတွေပေါ်ကို ရောက်လာတာပေါ့။ အမတ်ကြီးဟာ သူ့ရဲ့ဆိုးဝါးတဲ့အကြောင်း ကံကိုတွေးရင်း ဝမ်းနည်းနေတယ်။ နွားဖိုး အလျော်တောင်းတဲ့သူ၊ သားအစား အလျော်တောင်းတဲ့သူ၊ မြင်းဖိုးအလျော်တောင်းတဲ့သူ သုံးယောက်ကို သူမုန်တီးတဲ့ဘုရင်လေး မောင်ဉာဏ်ထက်ရဲ့ကရုဏာ တရားရင်ဆိုင်ရမှာဆိုတော့ ဘယ်ရင်ဆိုင်ချင်ပါ့မလဲ။ အဲဒါနဲ့ ငါသေသွားရင်ကောင်းမယ်ဆိုပြီး တောင်ပေါ်က ရုတ်တရက် ခုန်ချလိုက်ပါသတဲ့။ ဖြစ်ချင်တော့ တောင်အောက်မှာ သားအဖနှစ်ယောက် ထရံယက်နေကြတယ်။ အမတ်ကြီးခုန်ချတာ အဖေပေါ်ကိုကျပြီး အဖေဖြစ်သူ သေသွားတာပေါ့။ ဒီတော့ ထရံသည်က ငါ့အဖေသေပြီ ပြန်လျော်ပေး ဆိုပြီး အမတ်ကြီးကိုပြောတယ်။ အမတ်ကြီး မလျော်နိုင်တော့ တရားစွဲမယ်ဆိုပြီး လိုက်လာပြန်သတဲ့။

ကလေးတို့ရေ... ဒါနဲ့ဘဲ အမတ်ကြီးနဲ့ သူ့ကို တရားစွဲဆိုမယ့်လူ လေးယောက်ဟာ ဘုရင်လေးမောင်ဉာဏ်ထက်ရဲ့ ရှေ့တော်မှောက်ကို ရောက်သွားကြတာပေါ့။ တရားစွဲမဲ့လူလေးယောက်ဟာ ဘုရင်လေးကို အမတ်ကြီးရဲ့ပြစ်ချက်တွေ လျှောက်ထားကြတာပေါ့။ ဘုရင်လေးက ထက်မြက်တဲ့ မျက်လုံးတွေနဲ့ သူတို့လူစုကို အကဲခတ်ရင်း ခေါင်းတငြိမ့်ငြိမ့်နဲ့ နားထောင်သတဲ့။

အားလုံး လျှောက်တင်ပြီးတော့ ဘုရင်လေးမောင်ဉာဏ်ထက်က တစ်ဦးစီကို မေးမြန်းပြီး စီရင်ချက်ချတယ်။ ဘယ်လိုဆုံးဖြတ်လဲဆိုတာ နားထောင်ကြည့်ပါဦး။ နွားရှင်ကို အရင်ဆုံးပြောတယ်။

"အမတ်ကြီးက နွားပြန်ပို့တယ်လို့ ပြောတယ်၊

သင်က မမြင်ဖူးလို့ ပြောတယ်။ အမတ်ကြီး နွားလာပို့လျက်နဲ့ သင်လိမ်တာမဟုတ်လား”ဆိုပြီး ပြောတော့ နွားရှင်က–

“လာမပို့ပါဘုရား”

လို့ လျှောက်တာပေါ့။ ဒီတော့ ဘုရင်လေးက–

“ငါ့အကြောင်း သင်မသိဘူးလား။ ငါ့ကို လိမ်ဝံ့သလား”လို့ ကြိမ်းဝါးတာပေါ့။ ဒီတော့ နွားရှင်ဟာ ကြောက်လွန်းလို့ ဆက်ဆက်တုန်ရင်း–

“မလိမ်ဝံ့တော့ပါဘုရား၊ အမတ်ကြီး နွားတွေ လာပို့သွားခဲ့ပါတယ်”

လို့ ဝန်ခံရတာပေါ့။

ဒီတော့ ဘုရင်လေးက အမိန့်ချတယ်။

“အမတ်ကြီးဟာ သူတစ်ပါးနွားကို ဝှားပြီး ပိုင်ရှင်ကို မပြောမဆိုပို့တဲ့အတွက် နွားဖိုးပေးလျော်စေ။ နွားရှင်ကတော့ နွားတွေပို့တာမြင်ပါလျက်နဲ့ မမြင်ဖူးလို့လိမ်တဲ့အတွက် နွားရှင်ရဲ့ မျက်လုံးအစုံကို အမတ်ကြီးက ဖောက်စေ”

ဘုရင်လေးမောင်ဉာဏ်ထက်ရဲ့တရားစီရင်သံ အဆုံးမှာ နွားပိုင်ရှင်ဟာ မျက်လုံးအဖောက်ခံရမှာစိုးလို့ တဆက်ဆက်တုန် ကြောက်ရွံ့ရင်း အမတ်ကြီးကို ခြေသလုံးဖက် တောင်းပန်တာပေါ့။

“အမတ်ကြီးရယ် နွားဖိုးလည်း မလျော်ပါနဲ့၊ အမတ်ကြီးကိုလည်း ရှိသမျှစည်းစိမ်တွေပုံပြီး တောင်းပန်ပါတယ်။ ကျွန်တော်ရဲ့ မျက်လုံးကို မဖောက်ပါနဲ့”

အဲဒီလို တောင်းပန်ပြီး မျက်လုံး အဖောက်ခံရမှာကြောက်လို့ထွက်ပြေးတာပေါ့။ အမတ်ကြီးကြောင့် ကိုယ်ဝန်ပျက်ကျပါတယ်။ ဒါကြောင့် သားသမီးအစားလိုချင်ပါတယ်လို့အစွပ်စွဲခံရတဲ့အမှုကို ဘုရင်လေး မောင်ဉာဏ်ထက်က စစ်ဆေးမေးမြန်းတာပေါ့။

“သင့်မယားရဲ့ကိုယ်ဝန်ဟာ အမတ်ကြီးကြောင့် ပျက်ကျတယ်လို့ သင် စွပ်စွဲတယ်။ အဲဒါဟုတ်မှန်သလား”

“ဟုတ်မှန်ကြောင်းပါအရှင်မင်းမြတ်”

ဒီတော့ ဘုရင်လေးက မေးသတဲ့။

“သင့်မယားကို အမတ်ကြီးက ရိုက်၊ နှက်၊ ကန်၊ ကျောက်သလား”

“မဟုတ်ကြောင်းပါ”

“ဗိုက်ကို ထိခိုက်အောင် ရိုက်ပုတ်ခဲ့သလား”

“မဟုတ်ကြောင်းပါဘုရား”

ဘုရင်လေးက မေးသမျှ သား၊ သမီးအစားလိုချင်လို့ တရားစွဲဆိုတဲ့သူ မဖြေနိုင်ဘူးပေါ့။ ဘုရင်လေးက အမိန့်ချတယ်။

“အမတ်ကြီးရဲ့ ပယောဂကြောင့် ကိုယ်ဝန်ပျက်၍ သာအစားရလိုမှုအတွက် သူရဲ့မယားကို သားသမီးကိုယ်ဝန်ရှိသည်အထိ အမတ်ကြီးက ပေါင်းသင်းပေးစေ”

သား၊ သမီး အလျော်လိုချင်တဲ့သူ မျက်လုံးပြူးသွားတာပေါ့။ သူ့မယားကို အမတ်ကြီးလက် မပေး

ရအောင် အသပြာတွေ ပုံချပြီး တောင်းပန်၊ မြန်မြန် ထွက်ပြေးသွားတာပေါ့။

မြင်းရှင်ရဲ့မြင်းခြေထောက်ကျိုးစေလို့အလျော်လိုချင်တဲ့အမှုကို ဘုရင်လေး စစ်ဆေးမေးမြန်းသတဲ့။ မြင်းရှင်က ဖြေတယ်။

"ကျွန်တော်မျိုးရဲ့ မြင်းခြေထောက်ကို အမတ်ကြီးက တမင်ရိုက်ချိုးကြောင်းပါဘုရား"

ဘုရင်လေးက စူးရဲတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်ပြီးမေးတယ်။

"ငါ့အား လိမ်ညာဝံ့သလော"

အဲဒီလိုပြောလိုက်ရင် မြင်းပိုင်ရှင်ဟာ ထိတ်လန့်ကြောက်ရွံစွာနဲ့ အဖြစ်မှန်ကို ဝန်ခံရတာပေါ့။ ဘုရင်လေးက အမိန့်ချတယ်။

"အမတ်ကြီးရဲ့ပယောဂကြောင့် မြင်းခြေထောက်ကျိုးခဲ့တဲ့အတွက် အမတ်ကြီးက မြင်းဖိုးလျော်စေ။ လိမ်ညာလျှောက်တင်စွပ်စွဲခဲ့တဲ့ မြင်းရှင်ရဲ့လျှာကို အမတ်ကြီးက အရင်းမှဖြတ်စေ"

မြင်းရှင်ဟာ ကြောက်လွန်းလို့ တဆတ်ဆတ်တုန်ရင်း အမတ်ကြီးကို သူ့ရဲ့လျှာမဖြတ်အောင် တောင်းပန်းပြီးငွေတွေပုံကန်တော့ထွက်ပြေးသွားတာပေါ့။

နောက်ဆုံးအမှု ထရံယက်တဲ့အဖေ သေတဲ့အမှုကို နားထောင်ပြီး ဘုရင်လေးက အမိန့်ချတယ်။

"အမတ်ကြီးရဲ့ပယောဂကြောင့် သူရဲ့ဖခင် သေရပြီး ဖခင်အစား ပြန်လိုချင်တယ်လို့ စွပ်စွဲတဲ့အမှုအတွက် အမတ်ကြီးက ထရံယက်တဲ့လူရဲ့မိခင်ကို ပေါင်းသင်းလက်ထပ်ပြီး ဖခင်နေရာက နေစေ..."

ထရံယက်တဲ့လူမှာ သူရဲ့အမေနဲ့ အမတ်ကြီးပေးစားရမှာကြောက်ပြီး အမတ်ကြီးကို ငွေအသပြာတွေကန်တော့လို့ သွက်သွက်လေး ထွက်ပြေးသွားတာပေါ့။

အမတ်ကြီးဟာ လူငယ်သော်လည်း ဉာဏ်ပညာထက်မြက်တဲ့ဘုရင်လေး မောင်ဉာဏ်ထက်ကို ရိုသေလေးစားစွာ ကန်တော့လို့ ဘုရင်လေးရဲ့လက်အောက်မှာ တစ်သက်လုံး နေသွားသတဲ့ ကွယ်။

ကလေးတို့လည်း ဒီပုံပြင်လေးကိုဖတ်ပြီး ဘုရင်လေးမောင်ဉာဏ်ထက်လိုဉာဏ်ပညာထက်မြက်အောင် ကြိုးစားရမယ်။ ဘယ်လိုအမှုကိစ္စမျိုး၊ ဘယ်လိုအခက်အခဲမျိုးကြုံကြုံစိတ်မပျက်ဘဲဖြတ်ထိုးဉာဏ်သုံးလို့ ဖြေရှင်းနိုင်ကြပါစေ။


နောက်တစ်လမှာ ဆုံရအောင်နော်...။

သန္တာမြတ်သောင်း

ကြားနာစ်သား၊ ဦးခေါင်းခွံ တို့ဖြင့် ပညာစမ်းခြင်း

အရှုပ်ဖော် ကာတွန်း
ဒေါက်ကြီး ဂုန်ကျော် တက္ကသိုလ်





အရှေ့ယော မဗ္ဗသုံး ရွာသားများသည် အလွန်
ဘာကိုမှယုံကြည်သည်ဟု ငါကြားသိတော်မူသည်။
သင်တို့၏ ပညာရွမ်းကို ငါယုံပါသဖြင့် ကျွန်ုပ်နှစ်
တုတ် ကိုပို့လိုက်၏။ ကျွန်ုပ်နှစ်တုတ်တွင်
မည်သည့်ဘက် အရင်း၊ မည်သည့်ဘက်မှ အများ
ဆိုသည်ကို အမှန်ပြောရမည်။ မပြောနိုင်သူအား ပုံး
ဒဏ်ငွေတစ်ထောင်ကျပ် ပေးဆောင်ရမည်။
ပိဒေဟာရာဂိမ်းကြီး အမိန့်တော်





ရွာသားတွေတုန်လှုပ်ချောက်ချား
ကြတာဟာ သစ်သားချောင်းနဲ့
အတူပါလာတဲ့ ပိဒေဟာရာဂိမ်းကို
အမိန့်ကြောင့်ဖြစ်သတဲ့..

အမိန့်တော်ကြောင့် အရှေ့ယော မဗ္ဗသုံး ရွာသားတွေ
ချောင်းဆုံးမှာကာကွယ်ကြတယ်။ ရွာနှစ်တုတ်ကို
ယူကြည့်ကြပေမယ့် ဘယ်ဟာအရင်း ဘယ်ဟာ
အများလို့ ဘယ်သူမှ မဆုံးဖြတ်နိုင်ကြသူး



ဒဏ်ငွေတစ်ထောင် ဒဏ်ဆောင်
ရမယ့်အရေးကြောင့် ပူဆွေး
သောကရောက်နေကြပြီး
ဒဏ်ငွေမဆောင်ရဖို့အတွက်
စုဝေးတိုင်ပင်ဆွေးနွေးကြတယ်


အဲဒီလိုဆွေးနွေးကြတဲ့အထဲမှာ
သခိဂိုဝဏနဲ့သူငယ်ကြီးလည်းပါတယ်
အရှင်သူငယ်ကြီး အရှင်သားဟာ
ပညာရှိ ပြုစုပါတယ် လူငယ်ကိုဘာတ
ကစားခွန်စားရင်းနဲ့ခွန်စကြိုမမြ
တရားဆရာဆုံးဖြတ်ခဲ့ဖူးပါတယ်
အခု ရွာသားပြဿနာမှာ
သူငယ်သားမဇေဟာသစကားလွဲပြီး
ဘယ်သူမှအရှင်းအဖျားမမှန်အောင်
သိန်းမှာမပဟုတ်ပါဘူး ဒါကြောင့်သူ့ကို
ရွာနဲ့ဆိုသားကိုကြည့်ခိုင်းပေးပါ..
ကောင်းပြီလေ ယင်တို့
ကြည့်ခိုင်းစေလိုတာဖြင့်
ငါ့သားကိုပြကြတာပေါ့!



ယူဇနေးကြီးလည်း ရွာနှစ်သားကို
ယူပြီး မဟောသဓတို့ကားတဲ့
ရေပါရိုက်ကိုယ်ဘူးတော့ရွာသူရွာသား
တွေလည်း လိုက်ပါလာကြတယ်..



ယူဇနေးကြီးဟာ မဟောသဓကို ခေါ်ပြီး
ရွာနှစ်သားတွေကိုပြကာ ဝိဒေဟရာဇ်
မင်းကြီးရဲ့အမိန့်ကိုလည်းပြောပြတယ်






ချစ်သားတို့ဖြင့်
ဒီရွာနှစ်သား အရှင်း
အပျောက်ကို မသိကြဟူး
ငါ့သားသိရင်ပြောပါ..

မဟောသဓ လည်း
ရွာသားတွေကိုကိုင်ကြည့်
ရှုံ့နဲ့ ဘယ်ဟာအရှင်း
ဘယ်ဟာအပျောက်လို့သိတယ်



ဒါပေမဲ့ သူရဲ့ပညာစွမ်းကို
သူအများမှတ်သားလာယူ
နိုင်စေဖို့ ရည်ရွယ်ပြီး
ရေတာဆိပ်ခွက်ခပ်နိုင်းတယ်..
ပြီးတော့ ရွာသားတွေကို
အလယ်ကကြိုးနဲ့ချည်ပြီး
ကြိုးစွန်းကကိုင်ကာရောထဲ
ချလိုက်တယ်..
ဟဲ့ ပရိယတ်အပေါင်းတို့
သစ်ပင်ဟာအရင်းနဲ့အဖျား
ဘယ်ဟာ ပိုလေးပါသလဲ
အရင်းက
လေးပါတယ်
အရှင်ဗျာ



မဟောသဓာက ရေပေါ်
ရှယ်တင်ထားတဲ့ရွာနေသိမ်းရဲ့
ချုပ်ထားတဲ့ကြိုးကို အနှစ်သိမ်းငယ်
လျှောပေးလိုက်တယ်..
ဒီအခါ အရှင်းဟာ လေးတာကြောင့်
ရေမှာအရင်ဆုံး နစ်သွားတယ်
အင်.. အရှင်ဘုရားဆုံးနစ်တဲ့
ဘကြီးကို အရှင်းနောက်မှနစ်တဲ့
ဘကြီးကိုအဖျားလှိုက်မှတ်သားပြီး
မင်းကြီးကို ပေးဆက်ကြ
ရွာသားတွေလည်း
မဟောသဓာမှာတဲ့အတိုင်း
မင်းကြီးဆီသွားဆက်ကြတယ်
ကလေးရွာမှ စုံစာစောင်


မင်းကြီးကဘယ်ပို့ကြောင့်
သိလာသလဲမေးတော့
ယုဇဉ်းသားမဟောသဓာ
ပြေပေးကြောင်းကို
လျှောက်ထားကြတာပေါ့!
မင်းကြီးလည်း သေနကအဖတ်ကြီးကို
ခေါ်ပြီးတိုင်ပင်ဆွေးနွေးပေမယ့်
အဖတ်ကြီးကတရားကြီးမဲ့ပြုသူအကို
ပြေနိုင်ရုံနဲ့မခေါ်သင့်သေးကြောင်းပြောတယ်
တစ်နေ့မှာ မဟောသဓာတို့ရှိတဲ့
ရာပကိုရွာသားတွေလှူဖောင်းခဲ့
နှစ်ခုမှ ရှောက်လာပြန်တယ်...
အချင်းတို့
ဟာပြဿနာ
ပေါ်လာပြန်ပြီလဲ


အရှင်ဘုရား မင်းအာမိဋ္ဌဒေဝီအတွက်
ဒီ ခေါင်းခွံကြီးနဲ့စပ်လို့ ဘုရား
ရောက်လာပါတယ် ဒီနေ့ဆွမ်းကို
ဘယ်ပြာယောကျ်ားခေါင်းခွံ
ဘယ်ဟာ မိန်းမခေါင်းခွံ ဆိုတာ
ခွဲခြားပေးရပါမယ် မပေးနိုင်ရင်
ဒကာဌေဝတစ်ထောင်ဆောင်ရမယ်တဲ့
ဒါကို အာယင်တို့
မခွဲခြားနိုင်ဘူးလား
ရှာယားတွေက မခွဲခြားနိုင်ကြောင်း
ပြောတော့ ယုံလာတဲ့ခေါင်းခွံနှစ်ခုကို
သူ့ရှေ့မှာ ချစေတယ်..


အချင်းတို့ ခေါင်းရိုးခွံကို
အသေအချာကြည့်ရင်
ယောကျ်ားခေါင်းရိုးခွံမှာ
ဦးခြားရေး ပြောင့်တယ်
မိန်းမဦးခေါင်းရိုးခွံကျတော့
ဟောဒီလို ဦးခြားရေးယက်တင်
ကွေးကောက်ပြီး နေရာက်ကို
လိမ်ဆင်းယွားတယ်..သင်တို့
မှတ်မိ ကြပြီလား
ဆာယားတွေလည်း မဟောသဓာ
မှာကြားတဲ့အတိုင်း မင်းကြိုဆိုဝင်ပြီး
ဦးခေါင်းခွံကို ခွဲခြားပြတယ်..
မင်းကြီးလည်း
ပြဿနာရဲ့အဖြေကို
သိလို့အားရကျေနပ်
နေတဲ့ဟေ့!..


အရှေ့ယဝ မဗ္ဗရုံး ရွာသားတွေ
နှုန်းတော်ကာထွက်သွားတော့
မင်းကြီးကသေနကအမတ်ကို
ခေါ်ပြီး တိုင်ပင်ပြန်တယ်
အမတ်ကြီး မဟောသဓကို
ခေါ်ဖို့ကိစ္စ စဉ်းစားပါဦး..
အရှင်မင်းကြီး ဒီလောက်နဲ့
ယုခမိန်အရာမခန့်သင့်သေးပါ
စောင့်ကြည့်သင့်တော် ပူပါဦး..
သေနက အမတ်ကြီးရဲ့
လျှောက်တင်ချက်ကြောင့်
မင်းကြီးလွှတ်မဟောသဓကို
ခေါ်ယူဖို့ရာပဲခဲ့ထိုင်းတားရပြန်တယ်
ဖြီး



ကလေးတို့ရေ . . .

သည်တစ်လမှာ ကလေးတို့ကို ပြောပြချင်တဲ့ ပုံပြင်လေးကတော့ ကျေးဇူးမသိတတ်တဲ့ သူကို ကျေးဇူးပြုမိရင် ဘယ်လိုမှ အကျိုးမခံစားရဘဲ။ စော်ကားမော်ကားပြုတာတောင်မှ ခံရတတ်တဲ့ အကြောင်း၊ ဒါ့ကြောင့် ကျေးဇူးကန်းတတ်သူမျိုးနဲ့ ဘယ်လိုမှ မပတ်သက်သင့်တဲ့အကြောင်းပါဘဲကွယ်။

ကဲ... နားထောင်ကြည့်ကြပါဦး...။

× × ×

ဟိုးတစ်ခါတုန်းက . . . ရွာတစ်ရွာနဲ့တစ်ရွာ အလှမ်းကွာဝေးတဲ့ အကြားမှာ တောအုပ်ကြီး တစ်ခုရှိတယ်တဲ့။ အဲဒီ တောအုပ်ကြီးထဲမှာ ဘယ်သူ ဘယ်ဝါ တူးခဲ့မှန်းမသိတဲ့ ရေတွင်းတစ်တွင်းလည်း ရှိတယ်ဆိုပဲ။

သည်တော့ တစ်ရွာနဲ့တစ်ရွာ ကူးသန်းသွားလာကြရင် တောအုပ်ကြီးကို ဖြတ်သန်းကြရတဲ့ အခါ မောပန်းဆာလောင်မှုတွေ ဖြစ်ကြရင် ရေတွင်းထဲက ရေကိုခပ်ပြီး သောက်ကြရတယ်။ သည်အခါ ဆာလောင်မှုတွေ၊ မောပန်းမှုတွေ ပြေပျောက်ပြီး လန်းလန်းဆန်းဆန်း ဖြစ်သွားကြရတာပေါ့ကွယ်...။

ခရီးသွားတွေဟာ ရေတွင်းနဘေးမှာရှိတဲ့ သစ်ထွင်းခွက်ဇလားကြီးထဲကို ရေတွေခပ်ထည့်ထားကြတယ်။ သဘောကတော့ ခရီးသွားလာတဲ့သူတွေ အပင်ပန်းခံပြီး တွင်းထဲကရေကို ငင်နေစရာမလိုဘဲ ခရီးသွားတွေသာမကဘူး၊ တောထဲမှာရှိတဲ့ ငှက်ကျေးကလေးတွေ၊ သားရဲတိရစ္ဆာန်တွေလည်းပဲ ရေငတ်ပြေကြရတယ်။ မောတာပန်းတာတွေ ကွယ်ပျောက်ပြီး လန်းလန်းဆန်းဆန်း ဖြစ်သွားကြရပါသတဲ့။

အဲသည်တောအုပ်ထဲမှာ နေထိုင်ကျင်လည်ကျက်စားတဲ့ မျောက်အုပ်တစ်အုပ် ရှိပါတယ်။ မျောက်ဆိုတဲ့သတ္တဝါမျိုးဟာ အင်မတန်မှ မျက်စိနောက်လောက်အောင် ဆော့ကစားတတ်ကြတာကလား။ ကလေးတို့လည်း တိရစ္ဆာန်ရုံရောက်တဲ့အခါ မျောက်တွေကို တွေ့ ဖူးပါလိမ့်မယ်။ ဘယ်မှာများ အိန္ဒြေရရ၊ ငြိမ်ငြိမ်သက်သက်နေတဲ့ မျောက်ကို တွေ့ဖူးကြလို့လဲ...။ ဟိုအပင်ကူးလိုက်၊ သည်အပင်ကူးလိုက် ကျွမ်းပစ်လိုက်နဲ့... သူတို့မို့ မောရပန်းရမှန်းမသိ မျက်စိနောက်လောက်အောင်ကို လှုပ်ရှားနေကြတော့တာကလား။

ဘာပဲဖြစ်ဖြစ် မျောက်တွေဆိုတာကလည်း ရေမသောက်ဘဲနေကြတဲ့သတ္တဝါတွေ မဟုတ်ကြလေတော့ သူတို့ ရေဆာပြီဆိုရင် ရေတွင်းနားက သစ်ထွင်းဇလားရှိရာကို သွားကြပြီး ဇလားထဲမှာရှိတဲ့ရေတွေကို အငမ်းမရ သောက်လေ့ရှိကြတယ်။ သည်တော့ ရေငင်ပေးထားတဲ့လူတွေအဖို့ မျောက်တွေ ရေသောက်နေတာကြည့်ပြီး ကြည်နူးဝမ်းသာဖြစ်နေကြတာပေါ့။

နွေရာသီကာလတစ်ခုမှာတော့ ပုဏ္ဏားလုလင်တစ်ယောက်ဟာ ရွာတစ်ရွာကို သွားဖို့ရာကိစ္စပေါ်လာလို့... တောအုပ်ကြီးကို ဖြတ်သန်းဝင်ရောက်ခဲ့ပါတယ်။ တစ်လမ်းလုံး အနားမယူဘဲ တောက်လျှောက်လှမ်းလာခဲ့ရတော့ ခြေသလုံးတွေတောင့်တင်းပြီး ညောင်းညာပင်ပန်းလာတာနဲ့အမျှ အာခေါင်တွေခြောက်သွေ့ ပြီး ရေဆာလာပါတယ်။ သည်တော့ သစ်ထွင်းဇလားရှိရာကို သွားလိုက်တယ်။ သည်အတောအတွင်းမှာ ခရီးသွားလာသူတွေ နည်းပါးလို့ထင်ပါရဲ့...။ ဇလားထဲမှာ ရေတွေခမ်းခြောက်နေပါပြီ။

သည်အချိန်မှာပုဏ္ဏားလုလင်အပါးကိုမျောက်လွှဲကျော်တစ်ကောင် ရောက်လာတယ်။ သေသေချာချာကြည့်လိုက်တော့ ဟောဟဲလိုက်ပြီး လျှာတောင်ထွက်လို့...။ ဘယ့်ကလောက်တောင် ဆော့ကစားခဲ့သလဲ မပြောတတ်ဘူး။

"ဟောဟဲ... ဟောဟဲ... မောလိုက်တာ။ ရေ... ရေ... ရေဆာတယ်။ ဟင် . . ဇလားထဲမှာ ရေတစ်စက်မှ မရှိပါလား။ မျောက်လွှဲကျော်ရဲ့ ညည်းညူပြောဆိုသံကြောင့် ပုဏ္ဏားလုလင်က တစ်ချက်ပြုံးပြီး ကြင်နာစွာကြည့်လိုက်တယ်"

"အို. . . အသင်မျောက်၊ လှုပ်ရှားရတာတွေများလို့ ရေသိပ်ဆာနေပုံရတယ်"

"ဆာတာပေါ့ဗျာ . . . အာခေါင်တွေခြောက်ပြီး လျှာထွက်နေတာသာ ကြည့်တော့။ လူတွေကလည်း ခုတစ်လော ခရီးအသွားအလာ သိပ်မရှိကြတော့...။ ဇလားထဲမှာ ရေတွေပြတ်နေပြီ။ လုပ်ပါဗျာ... ရေခပ်ထည့်ပေးစမ်းပါ...။ ပြောရတာနဲ့ အာခေါင်တွေတောင် ပိုပြီးခြောက်လာပြီ။ ကြာရင်လည်ချောင်းတောင်မှ ကွဲမလားမသိဘူး"

"ဟုတ်ပါပြီလေ... ဟုတ်ပါပြီ။ ရေသောက်ရပါစေ့မယ်။ တစ်ဝကြီးကို သောက်ရပါစေ့မယ်။ ကျုပ်ခုပဲ ခပ်ထည့်ပေးပါ့မယ်..."

ပြောပြောဆိုဆိုနဲ့ပဲ ပုဏ္ဏားလုလင်ဟာ တွင်းထဲကရေကိုခပ်ပြီး သူလည်းသောက်၊ ကျန်တာတွေကိုလည်း ဇလားထဲ လောင်းထည့်ပေးလိုက်တယ်။

ဇလားထဲကို ရေရောက်ပြီဆိုတာနဲ့ ရေသိပ်ဆာနေတဲ့ မျောက်လွှဲကျော်လည်း အငမ်းမရ သောက်တော့တာပေါ့။ သည်မြင်ကွင်းကိုကြည့်ပြီး ပုဏ္ဏားလုလင်လည်း ဆာလောင်ခြင်းဆိုတာ ဆင်းရဲခြင်းတစ်မျိုးပါလားဆိုပြီး-

"အင်း... ဒုက္ခ၊ ဒုက္ခ..."

ရယ်လို့ ညည်းသည်ူညူလေး ကောက်ချက်ချလိုက်တယ်။ ဒါကို မျောက်လွှဲကျော်ကြားသွားတော့ ရေသောက်နေရာက စောင်းငဲ့ကြည့်လိုက်ပြီး-

"ဘာလဲဗျ...ဒုက္ခ၊ နေပါဦး ဒုက္ခဆိုတာ ဘယ်လိုများပါလိမ့်။ ချိုနဲ့လား၊ ခွာနဲ့လား၊ အမြီးနဲ့လား"

လို့ ပမာမခန့် မေးလိုက်တယ်။

"အို... အသင်မျောက်၊ ဒုက္ခဆိုတာ ဆင်းရဲခြင်းပဲပေါ့။ အလုံးအထည်၊ အကောင်တော့ ဘယ်ဟုတ်ပါ့မလဲ..."

"ဟာ...တယ်လည်းဟုတ်ပါလား၊ အရာရာကို ဖန်တီးနိုင်တဲ့ သင်တို့လိုလူမှာ... ဒုက္ခဆိုတာ ရှိသေးသလား"

"ရှိတာပေါ့ အသင်မျောက်။ အရာရာကို ဖန်တီးနိုင်တယ်ဆိုတဲ့လူတွေတင်မကဘူး။ ခန္ဓာကိုယ်ကြီးပိုင်ဆိုင်ထားတဲ့ သင်တို့လို မျောက်တွေအပါအဝင် သတ္တဝါတွေမှန်သမျှ ဒုက္ခနဲ့ ဘယ်လိုမှ မကင်းနိုင်ဘူး"

"ဟား...ဟား...ဟား တယ်လည်း ပေါက်တက်ကရပြောတဲ့လူပဲ။ ဒုက္ခဆိုတာ လူတွေ... သရက်သီးကိုပစ်တဲ့ တုတ်ကိုပြောတာလား"

"အသင်မျောက် . . . နက်နဲတဲ့စကားကို ပြက်ရယ်မပြုပါနဲ့လား..."

"ပြက်ရယ်ပြုချင်လို့ ပြုတယ် ဘာဖြစ်လဲ"

"အို. . . အသင်မျောက်၊ ငါဟာ သင်ရေဆာနေတဲ့အတွက် သင် ရေတိုက်ပြေပါစေဆိုတဲ့ စေတနာနဲ့ သင့်အပေါ် ကျေးဇူးပြုခဲ့သူဖြစ်တယ်။ သင်ဟာ ကျေးဇူးကို မသိတတ်တဲ့အပြင် ကျေးဇူးရှင်ကို ကျေးစွပ်နေပါရောလား"

"ဟား...ဟား...ဟား... တယ်လည်း ရယ်စရာကောင်းတဲ့လူမိုက်ပါပဲလား။ ဒီမှာ မသေမချင်း မှတ်ထား။ သည်လောကကြီးမှာ ကျေးဇူးသိတဲ့ မျောက်၊ သီလရှိတဲ့မျောက်၊ ကုန်ဇွန်းသိက္ခာရှိတဲ့ မျောက်ဆိုတာ ရှိကောရှိလို့လား..."

"ဘာပဲဖြစ်ဖြစ်လေ- သည်ကနေ့မှာတော့ ကျေးဇူးမဲတဲ့မျောက်ကို ငါတွေ့လိုက်ရပြီ..."

"ဩော်... သည်လို ကောက်ချက်ချတယ်လား။ သည်လိုဆိုရင် ကျေးဇူးအဆပ်ခံချင်တဲ့ သင် ပုဏ္ဏားကို ကျုပ် ကျေးဇူးဆပ်ပြမယ်...ကြည့်"

ပြောပြောဆိုဆို နဲ့ ဇလားဘေးနားက သစ်ပင်ပေါ်ကို ခုန်လွှားတက်သွားပြီး အမြင့်တစ်နေရာရောက်တဲ့အခါ မစင်တွေ စွန့်ချလိုက်တယ်။ မျောက်ရဲ့မစင်တွေဟာ ပုဏ္ဏားလုလင်အပေါ်သာ မကဘူး... ရေဇလားထဲတောင် ကျလိုကျနဲ့ပေါ့...။

"ဟား...ဟား... ဟား..."

မျောက်လည်း သူ့လုပ်ရပ်ကိုသူ အားရကျေနပ်စွာ ရယ်မောပြီးတဲ့နောက် တောအုပ်တွင်းကို ဝင်ရောက်ပျောက်ကွယ်သွားတော့တယ်။ သည်အခါမှာတော့ပုဏ္ဏားလုလင်လည်းကျေးစွပ်သူကိုကူညီလိုက်ရခြင်းအတွက် အကျိုးမဲ့ဖြစ်ရပုံကို သတိသံဝေဂယူရင်း နောင်တရသွားပါတော့တယ်။

ကလေးတို့လည်း ကျေးစွပ်သူတွေကို ရှောင်ရှားနိုင်ကြပါစေ...။

နန္ဒာမိုးကြယ်

စိတ်ကူးယဉ်မှုမပါတဲ့သား



တစ်ခါက ရွာလေးတစ်ရွာမှာ “မောင်ထွန်း” ဆိုတဲ့ ကောင်ကလေးတစ်ယောက်ရှိတယ်။ မိဘနှစ်ပါးက သင်ဖြူးဖျာ ရက်လုပ်ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုတယ်။ မောင်ထွန်းလည်း ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရင်း ဖျာရက်လုပ်တဲ့ လုပ်ငန်းမှာ တဖြည်းဖြည်း ကျွမ်းကျင်လာတယ်။

မောင်ထွန်း ငယ်ငယ်ကတည်းကစပြီး ပြင်းပြတဲ့ဆန္ဒတစ်ခု ရှိခဲ့တယ်။ မိဘနှစ်ပါးအတွက် ခိုင်ခံ့သပ်ရပ်ပြီး ထည်ဝါကောင်းမွန်တဲ့ အိမ်တစ်လုံး ဆောက်ပေးချင်တယ်။ အခုလက်ရှိ နေနေတဲ့ အိမ်ကလေးက နံချာကျဉ်းမြောင်းတဲ့အပြင် မိုးလုံလေလုံလည်း မရှိပါဘူး။ မိုးရာသီ ခေါင်မိုးတွေ၊နံရံတွေကနေ မိုးရေ ယိုစိမ့်ကျပါတယ်။ ဆောင်းရာသီ ရောက်လာရင် ကျောရိုးထဲထိ အေးစိမ့်သွားအောင် လေအေးများကတိုးဝင်လာတယ်။အချိန်တွေပြောပြပါတယ်။

အချိန် တဖြည်းဖြည်း ကုန်လာတာနဲ့ အမျှ မောင်ထွန်းတစ်ယောက်လူပျိုအရွယ်ကို ရောက်လာတယ်။ တစ်နေ့မှာ အတွေးသစ်တစ်ခုကို မောင်ထွန်းတွေးမိတယ်။ မိဘတွေကို သူဖွင့်ပြောပြတယ်။

"ဒီရွာမှာပဲ ဖျာတွေရောင်းချပြီး အသက်မွေးမယ်ဆိုရင် ဝင်ငွေအရ နည်းလိမ့်မယ်။ ရွာထဲက လူတွေကလည်း အမြဲတမ်း ဝယ်နေမှာ မဟုတ်ဘူး။ လိုအပ်တဲ့အချိန်မှသာ ဝယ်ပါလိမ့်မယ်။ အခြားမြို့ ရွာတွေဆီကိုသွားပြီး ဖျာရောင်းထွက်ချင်တယ်၊ ခွင့်ပြုပေးပါခင်ဗျာ။"

"သားလေးရေ မင်းအသက်က အခုမှ (၁၈)နှစ်၊ (၁၉)နှစ်ပဲရှိသေးတာ။ မသွားပါနဲ့လားကွယ်။ အဖေတို့ အမေတို့ မင်းကို စိတ်မချဘူး"

ဒီလိုနဲ့ မောင်ထွန်းတစ်ယောက် မြို့ပေါ်ကို မသွားရတော့ဘူး။ ဒါပေမဲ့ မောင်းထွန်းက စိတ်အား မလျော့ပါဘူး။ အဘိုး၊ အဘွားတို့ထံသွားပြီး အကျိုး အကြောင်းပြောပြကာ မိဘနှစ်ပါးထံမှ ခွင့်ပြုချက် ရအောင် ဝိုင်းကူပြောပေးဖို့ မှာထားခဲ့တယ်။ ရက်အနည်းငယ်အကြာမှာ အဘိုး၊ အဘွားတွေ မောင်ထွန်းတို့အိမ်ကို လာလည်ကြတယ်။

"စာပေ၊ ပညာတွေကို ရွာဦးဘုန်းတော်ကြီး ကျောင်းမှာ ငှါမြေးက သင်ယူဆည်းပူးခဲ့ပြီးပြီကွယ်။ ဘာပဲဖြစ်ဖြစ် မောင်ထွန်းအနေနဲ့ အမှား၊အမှန်ကို အတော်အတန်ဝေဖန်ခွဲခြားစိစစ်နိုင်သွားပြီ။ သူသွားချင်တဲ့နေရာကို သွားခွင့်ပြုလိုက်ပါလားကွယ်"

"ခရီးသွားရင်းကနေ အကျိုးရှိတဲ့အတွေ့အကြုံ ကောင်းတွေကို ရှာဖွေတွေ့နိုင်တယ်မဟုတ်လား။ နောင်တစ်ချိန်မှာ သူ့ခြေထောက်ပေါ်ကို သူ ရပ်နိုင်ဖို့ အခုကတည်းက ကြိုးစားထားရမယ်"

အဘိုး၊ အဘွားတွေက ဝင်ရောက်ကူပြောပေး ကြသလို မောင်ထွန်းကလည်း စိတ်ဆန္ဒ ပြင်းပြနေ တာကြောင့် နောက်ဆုံးမှာ မိဘနှစ်ပါးက ခရီးဝေး ကို သွားခွင့်ပြုလိုက်တယ်။

"သားလေး . . . ဘယ်နေရာ ရောက်ရောက် အရာရာကို သတိဝီရိယရှိရှိထားကွယ့်။ စိတ်ထား ကို ဖြူစင်အောင် အမြဲတမ်းထားပါ"

"ဟုတ်တယ် မောင်ထွန်း၊ ကိုယ်ကျင့်သီလ တရားကိုလည်း မကျိုးမပေါက်အောင် စောင့်ထိန်း ပါကွယ်"

"ဆုံးမစကားအားလုံးကို စိတ်နှလုံးသားထဲမှ အစဉ်မှတ်သားထားပါ့မယ်ဗျာ"

နောက်တစ်နေ့နံနက်ခင်းမှာ မိဘနှစ်ပါးကို ရှိခိုး ဦးချပြီးနောက် ရွာကနေ မောင်ထွန်း ထွက်ခွာလာ တယ်။ အတော်အတန် ခရီးပေါက်လာတဲ့အခါမှာ ရွာလေးတစ်ရွာကို လှမ်းမြင်တွေ့ရတယ်။ ရောင်းချ မယ့်ဖျာလိပ်တွေကိုပခုံးပေါ်မှာထမ်းယူလာရသလို လက်တစ်ဖက်မှာလည်း အထုပ်အပိုးတစ်ထုပ်ကို သယ်ဆောင်ကာ ခြေကျင် လျှောက်လာရတာ ကြောင့် မောပန်းနေတယ်။

"ခရီးတစ်ထောက် ဝင်နားဦးမှ။ အမောလည်း ဖြေရင်း ရွာထဲကိုဝင်ပြီး အကဲခတ်လေ့လာစူးစမ်း ရမယ်"

ရွာအဝင်လမ်းလေးအတိုင်း ဝင်လာတယ်။ တဲ အိမ်ငယ်ငယ်လေးတွေ ကြိုးကြား၊ ကြိုးကြားတွေ့ ရတယ်။

"ဖျာ ဝယ်ကြဦးမလားခင်ဗျာ။ သင်ဖြူးဖျာချော ချောလေးတွေရမယ်"

ထိုစဉ် ခပ်လှမ်းလှမ်းတဲအိမ်ကလေးမှ အမယ် အိုတစ်ယောက်က လှမ်းခေါ်တယ်။

"မောင်ရင်လေး ဖျာတစ်ချပ်ဘယ်လောက် လဲကွယ့်"

"အသပြာ (၁၅)ပြားပါ အဘွား"

"စုထားတာ အသပြာ (၅)ပြားပဲရှိတယ်။ ဈေး လျှော့ပေးလို့ရမလားကွယ်"

ဟောင်းနွမ်းနေတဲ့အိတ်ရှုံ့လေးထဲမှ အသပြာ (၅)ပြားကို ထုတ်ပြတယ်။ မောင်ထွန်း အနည်းငယ် တွေဝေသွားတယ်။ ဖျာတစ်ချပ်ကို အမြတ် အများကြီးမတင်ထားတာကြောင့် စျေးလျှော့ပေးဖို့ အခက်တွေ့သွားတယ်။

"ဒီဖျာက အဘွားသုံးဖို့ မဟုတ်ပါဘူးကွယ်။ အဘွားရဲ့သား မြို့က ပြန်လာရင် သူအိပ်ဖို့အတွက် ကြိုတင်ဝယ်ထားချင်လို့ပါ။ ပြီးတော့ ဒီရွာကို ဖျာသည်တွေ အရောင်းအဝယ်လာလုပ်တာ သိပ်နည်းကြတယ်။ လာရောင်းတဲ့သူရှိတုန်း ဝယ်ထားချင်လို့ပါ"

တဲအိမ်ထဲကိုကြည့်လိုက်ချိန်မှာ ဖျာလိပ်အစုတ်အပြဲကလေးကို နံရံဘေးမှာ ကပ်ထောင်ထားတာ မောင်ထွန်းတွေ့ရတယ်။

"သားက ဘယ်နေ့ ပြန်လာမှာလဲ"

"မသိပါဘူးကွယ်။ ဒီရွာကထွက်သွားတာ (၅)နှစ်၊ (၆)နှစ်လောက် ကြာသွားပြီ"

ဘယ်နေ့၊ ဘယ်အချိန်၊ ပြန်လာမယ်ဆိုတာ ကြိမ်းသေမသိဘဲနဲ့ သားဖြစ်သူအတွက် ပြင်ဆင်ပေးထားချင်တဲ့မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကို မောင်ထွန်း ခံစားမိသွားတယ်။

"လက်ထဲမှာရှိတဲ့ပိုက်ဆံကို အခြားလိုရာသုံးဖို့ အဘွားပြန်သိမ်းထားလိုက်ပါဗျာ။ ဖျာတစ်ချပ် လက်ဆောင်ပေးခဲ့ပါ့မယ်"

"တကယ်လားကွယ်၊ ဝမ်းသာလိုက်တာ။ ကူညီလက်စနဲ့ တစ်ခုလောက် ထပ်ပြီး အကူအညီပေးနိုင်ဦးမလား"

"ပြောပါ ကျုပ် ကူညီနိုင်ရင် ကူညီပါ့မယ်"

"ဘယ်နေရာမှာ ဖျာသွားရောင်းဦးမလဲ။ အကယ်၍များ အဘွားရဲ့သားကိုများတွေ့ရင် အိမ်ကို မြန်မြန်ပြန်လာပါ။ အဘွားစောင့်နေတယ်လို့ ပြောပေးပါကွယ်"

အမယ်အိုကြီးရယ်၊ ခင်ပွန်းဖြစ်သူနဲ့ သားဖြစ်သူတို့ သုံးယောက်သားတွဲပြီး ဆွဲထားတဲ့ပန်းချီကားချပ်ကို အမယ်အိုက ထုတ်ပြတယ်။

"ယူသွားရတာ အပန်းမကြီးရင် ဒီပန်းချီကားချပ်လေးကိုပါ လိပ်ယူသွားပါလား။ နံရံမှာ ချိတ်ဆွဲထားတာ အပိုတစ်ခုကျန်သေးတယ်"

"ဟုတ်ကဲ့ပါ" အမယ်အိုကို မောင်ထွန်းကတိပေးလိုက်တယ်။ ရွာထဲမှာ မောင်ထွန်းဖျာများကို လှည့်လည်ရောင်းချပြီးနောက် အခြားနေရာများ ခရီး ဆက်လက်ထွက်လာခဲ့တယ်။

ရက်သတ္တပတ် အနည်းငယ်အကြာမှာ မြို့ကလေးတစ်မြို့ကို မောင်ထွန်း ရောက်လာပါတယ်။

"ဒီမြို့လေးက လူစည်ကားသားပဲ။ ဖျာလျှောက်ရောင်းရင်း ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်ရမယ်"

"ဟိုရှေ့နားက ခြံဝင်းကြီးက ကျယ်ဝန်းပါဘိ။ တိုက်အိမ်ကြီးက ကောင်းလိုက်တာ။ ဘယ်သူတွေများနေကြပါလိမ့်"

ခြံတခါးအနီးအနားမှ ခေတ္တခဏရပ်ကြည့်နေခိုက် လူနှစ်ယောက် ခြံထဲမှ ထွက်လာကြတယ်။

"ဟင် ဟိုလူကိုကြည့်ရတာ မျက်နှာက နည်းနည်း ပိုရင့်တာလွဲလို့ အဘွားပြလိုက်တဲ့ ပန်းချီကားထဲက လူနဲ့အတော့်ကို တူတယ်။ ဘာပဲဖြစ်ဖြစ် စုံစမ်းမေးမြန်းကြည့်ရမယ်"

"ဖျာတွေရမယ် ဖျာတွေ ဝယ်ကြဦးမလား။ ဗျို့ကိုရွှေ ခဏလောက်ရပ်ပါဦး။ ဖျာဝယ်သွားပါဦးလားဗျ။"

သက်လတ်ပိုင်းအရွယ်ရှိ ထိုလူက နောက်ပြန်လှည့်ကြည့်တယ်။ မောင်ထွန်းက ထိုလူ့အနားပြေးကပ်လိုက်တယ်။

"အမယ်အိုကြီးရဲ့သား ကိုရွှေ ဖြစ်နိုင်တယ်။ အနီးကပ်ကြည့်မှ ပိုတူတယ်"

မောင်ထွန်း စိတ်ထဲမှာစဉ်းစားရင်း ထိုလူကို မိမိ ဘယ်လိုစပြောရကောင်းမလဲ အကြံထုတ်နေတယ်။

"တွေ့ရတာဝမ်းသာလိုက်တာဗျာ။ ကိုရွှေ မြို့တက်ပြီး စာမေးပွဲလာဖြေတာ အောင်သွားပြီလားဗျ"

ထိုလူရဲ့မျက်နှာက အံ့သြသွားပြီး မောင်ထွန်းကို စူးစူးစိုက်စိုက်ပြန်ကြည့်တယ်။

"ပြောစရာရှိလို့ပါဗျာ။ ကျုပ်ကို အချိန်ခဏလောက်ပေးပါလား။ ဒေါ်ညွန့်ကို သိပါသလားခင်ဗျာ"

"ဟာကွာ.... ဘယ်သူမှမသိဘူး။ သွား သွား.... ကျုပ်ရှေ့က ထွက်သွား"

ထိုလူရဲ့တုံ့ပြန်မှုက ခါးသီးလွန်းတယ်။ ဒေါသတကြီး ပြောဆိုဆက်ဆံပြီး ချာခနဲ လှည့်ထွက်သွားတယ်။

ဘေးမှာအတူပါလာတဲ့လူကြီးက မောင်ထွန်းကို ဘုကြည့်ကြည့်ပြီး ထိုလူ့နောက်သို့ လိုက်သွားတယ်။

"ဖျာ ဝယ်ကြပါဦး ဗျို့ ဖျာ.... ရောင်းချင်တယ်ဗျာ"

အဲ့လူဟာ ကိုရွှေ တကယ် ဟုတ်မဟုတ်ကို စုံစမ်းနိုင်ဖို့ မောင်ထွန်း ဖွဲ့မလျော့ဘဲ ထိုခြံဝင်းနားမှာ ရစ်သစ်ရစ်သီ လုပ်နေတယ်။

"ကျုပ်ဖျာက တော်ရုံဖျာမဟုတ်ဘူး။ စကားပြောတတ်တယ်ဗျို့။ စကားပြောတတ်တဲ့ဖျာတွေကို ရောင်းချပေးနေပါပြီဗျာ"

မောင်ထွန်း ဖျာအော်ရောင်းနေတာကို လမ်းသွား၊လမ်းလာများ စိတ်ဝင်စားလာကြတယ်။

"ဟေ့ မောင်ရင်လေး မင်းရဲ့ဖျာက တကယ် စကားပြောသလား"

"ခြွင်းချက်ရှိပါတယ်။ ဖျာလိပ်စကားပြောတာကို လူတိုင်းကြားမှာမဟုတ်ဘူး။ မယုံရင်ကြည့် ကျုပ် ဖျာလိပ်ကို ရိုက်ပြမယ်"

ဖျာကိုလိပ်ပြီးတုတ်ဖြင့်မာန်ပါပါတစ်ချက်ရိုက်လိုက်တယ်။ ပြီးတော့ နားရွက်နဲ့ဖျာလိပ်ကို နားထောင်လိုက်တယ်။

"ဖျာလိပ်က ပြောတယ်ဗျာ။ ကိုရွှေတစ်ယောက် မြို့မှာစာမေးပွဲဖြေမယ်ဆိုပြီး ရွာကနေထွက်သွားတာ (၅)နှစ်၊ (၆)နှစ်ရှိသွားပြီတဲ့။ သူ့အမေ ဒေါ်ညွန့်က သူ့ကို အရမ်းတွေ့ချင်နေတာတဲ့။ ကိုရွှေကိုတွေ့ရင် ပြောပေးကြပါတဲ့ဗျာ"

"ငါတို့တော့ ဘာမှကို မကြားရပါလားကွယ့်"

"ဦးလေးတို့က ကြားနိုင်မှာမဟုတ်ဘူး။ ကျုပ်က ဖျာလိပ်ပိုင်ရှင်ဆိုတော့ ကြားရတာပေါ့ဗျာ။ နောက်ထပ် ကြားနိုင်တဲ့သူတစ်ယောက် ရှိသေးတယ်"

"အဲဒီလူက ဘယ်သူလဲ" ဝိုင်းကြည့်နေကြတဲ့လူအုပ်ကြီးက မောင်ထွန်းကို သိလိုဇောနဲ့ ဝိုင်းမေးကြတယ်။

"ကိုရွှေပေါ့ဗျာ။ ဒါပေမဲ့ နှလုံးသားနဲ့ နားထောင်မှ ကြားနိုင်ပါလိမ့်မယ်။ နားရွက်နဲ့နားထောင်ရင်တော့ ဘာစကားသံမှ ပြန်ကြားရမှာ မဟုတ်ပါဘူးဗျာ"

"မောင်ရင်လေး မင်းဟာက ရှုပ်ယှက်ခတ်နေတာပဲကွာ။ ဘာတွေမှန်းကို မသိဘူး"

"တကယ့်အဖြစ်မှန်ကို ပြောပြတာပါဗျာ။ ဒီ

ပန်းချီကားချပ်လေးထဲမှာ မိဘနှစ်ပါးနဲ့အတူ ကိုရွှေလည်း ပါပါတယ်၊ ကြည့်ကြပါဗျာ... ဒီမှာပါ”

လိပ်ယူလာတဲ့ပန်းချီကားချပ်ကို လူအုပ်ကြီးရှေ့မှာ ဖြန့်ချပြလိုက်တယ်။ ပုံတူပန်းချီကားကို ခြံဝင်ကြီးထဲ အလုပ်လုပ်တဲ့ အလုပ်သမားလေးတစ်ယောက်က တွေ့သွားတယ်။

“တူလွန်းတယ်။ သိပ်ကို တူလွန်းတယ်။ မမလေးကို သွားပြောပြမှဖြစ်မယ်”

ကိုရွှေရဲ့ ပုံတူပန်းချီကားအကြောင်း ခြံကြီးရှင် သူဌေးကြီးရဲ့သမီးကို အလုပ်သမလေးက ပြောပြလိုက်တယ်။ သူဌေးသမီးက အတော့်ကို အံ့အားသင့်သွားတယ်။

“ဟုတ်ရဲ့လားကွယ်၊ သေချာသွားအောင် ဖျာသည်လုလင်လေးကို မေးကြည့်ရမယ်။ ခြံဝင်းထဲကို ခေါ်လာပေးပါလား”

“ဟုတ်ကဲ့ပါရှင်။ မမလေး ခြံဝင်းထဲမှာ စောင့်နေပေးပါ။ သွားခေါ်လာပါ့မယ်”

မောင်ထွန်းကို အကျိုးအကြောင်းပြောပြပြီး ခြံဝင်းထဲလိုက်ခဲ့ဖို့ အလုပ်သမလေးက ဖိတ်ခေါ်ပါတယ်။

“ဟုတ်ကဲ့ပါခင်ဗျာ၊ လိုက်လာပါ့မယ်”

သူ့အကြံအောင်မြင်ပြီဆိုပြီး မောင်ထွန်းက စိတ်ထဲမှာ ကြိတ်ဝမ်းသာနေရှာတယ်။ ဒီလောက်ခမ်းနားထည်ဝါလွန်းတဲ့ ခြံဝင်းကြီးထဲကို မောင်ထွန်းဘဝမှာ တစ်ခါမှကို မရောက်ဖူးသေးပါ။

“ထိုင်ပါကွယ်၊ မုန့်ပေါင်း သုံးဆောင်ပါဦး။ ဒါနဲ့ မောင်ရင်လေးနံမည်ဘယ်လိုခေါ်သလဲ”

သူဌေးသမီးက မောင်ထွန်းတင်ထားတာထက်ပိုပြီး ချောမောသလို ယဉ်ကျေးဖော်ရွေမှုမှာလည်း သာလွန်နေပြန်တယ်။ဘေးမှာ မတ်တပ်ရပ်နေတဲ့ အမျိုးသမီးကြီးနှစ်ဦးကတော့ မောင်ထွန်းကို သေချာအကဲခတ်ကြည့်နေကြတယ်။

“ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်။ မောင်ထွန်းလို့ခေါ်ပါတယ်။ကျောက်ဒိုးရွာကနေဖျာလာရောင်းတာပါခင်ဗျာ့”

“သြော် အရမ်းဝေးတဲ့နေရာက လာခဲ့ရတာကိုး။ မောင်ထွန်းရဲ့ ဖွဲ၊ လုံ့လနဲ့ ကြိုးစားမှုက အံ့မခန်းပါပဲကွယ်။ ဒါနဲ့ မောင်ထွန်းလက်ထဲက ပန်းချီကားချပ်လေး ခဏလောက်ပြလို့ရမလား”

မောင်ထွန်းက ပန်းချီကားလိပ်လေးကို ဖြန့်ပြလိုက်တယ်။

“အိုး...ဟုတ်ပါရဲ့ တူလိုက်တာ။ ဒီပန်းချီကားထဲမှာ ပါတဲ့လူတွေအကြောင်း ပြောပြပါလား။ ဒါကို ဘယ်က ရလာခဲ့တာလဲ”

“ဒါက ကိုရွှေနဲ့ သူ့မိဘနှစ်ပါးရဲ့ ပုံတူပန်းချီကားချပ်ဖြစ်ပါတယ်။ ကိုရွှေ မြို့တက်ပြီးစာမေးပွဲသွားဖြေတာ (၅)နှစ်၊ (၆)နှစ် ရှိသွားပြီ။ ရွာကို ပြန်မလာတာကြာတော့ ကိုရွှေအတွက် မိဘနှစ်ပါးက စိတ်ပူနေကြတယ်”

“အင်း...ဟုတ်ပါပြီ။ဒီပန်းချီကားရဲ့အောက်ခြေမှာ ကိုရွှေနာမည်နဲ့အတူ ရေးထားတာ သူ့မိဘနှစ်ပါးရဲ့အမည်လား။ မိဘနှစ်ပါးလုံး သက်ရှိထင်ရှားရှိနေဆဲပဲလားကွယ်”

“ဟုတ်ပါတယ်ဗျာ။ ရွာမှာ မိဘနှစ်ပါးစလုံး အသက်ရှင်လျက် ရှိပါတယ်”

မောင်ထွန်းထံမှ ပန်းချီကားကို တစ်ညတာ ခဏ ယူထားခွင့်ရရှိဖို့ သူဌေးသမီးက တောင်းဆိုတယ်။

“ဒီပန်းချီကားကို ခဏထားခဲ့လို့ရမလား။ အတည်ပြုစရာလေး ရှိနေလို့ပါ။ မနက်ဖြန် နံနက်ခင်းမှာ လာပြန်ယူပေါ့”

ပျော်စရာသတင်းကောင်းအဖြစ် မောင်ထွန်း

က မှတ်ယူမိတာကြောင့် ခဏထားခဲ့ဖို့ သဘောတူလိုက်တယ်။ ဒီနောက် သူဌေးသမီးကို နှုတ်ဆက်ကာတည်းခိုနေထိုင်ရာ ဘုန်းကြီးကျောင်းသို့ ထွက်လာခဲ့ပါတယ်။

ညနေစောင်းချိန်မှာ သူဌေးသမီးနဲ့ သူခင်ပွန်းတို့ဧည့်ခန်းထဲမှာ အေးအေးဆေးဆေးစကားပြောနေကြတယ်။

"ကိုရွှေ ညနေစာ စားကောင်းရဲ့လား"

"စားကောင်းတာပေါ့ ရှင်မရေ။ ဗိုက်လေးနေလို့ ထမင်းစားပွဲကနေ မနည်းကို ထယူရတယ်"

"ရှင့်ကို ပြောစရာရှိလို့၊ ကဲ... ဒီမှာ ခဏထိုင်ပါဦးလား"

"ဆုံးသွားတဲ့ ရှင့်မိဘနှစ်ပါးအကြောင်းကို သတိမရဘူးလား"

ဇနီးသည်ထံမှ ထင်မှတ်မထားတဲ့စကားမျိုးကို ရုတ်တရက် ကြားလာရတာကြောင့် အံ့သြသွားတယ်။

"ဝမ်းနည်းစရာကောင်းလွန်းလို့ ဒီအကြောင်းတွေကို ထပ်မပြောဘဲနေကြရအောင်လား"

"ရှင် ပြောပြခဲ့တဲ့ ရှင့်မိဘနှစ်ပါးအကြောင်းကို ကောင်းကောင်းကြီး မှတ်မိဦးမှာပေါ့။ ရှင့်မိဘနှစ်ပါးက သိပ်ကို ချမ်းသာတဲ့သူဌေးတွေဆိုပြီး ပြောခဲ့တာလေ။ လူလိမ်ခံရတာကြောင့် ရှင်တို့မိသားစုတွေ ဆင်းရဲသွားရတာ။ ရှင့်မိဘနှစ်ပါးလည်း စိတ်ဓာတ်ကျပြီး အိပ်ရာထဲလဲသွားတယ်ဆို။ နောက်ဆုံးတော့ ကွယ်လွန်သွားတယ်လို့ ရှင်ပြောခဲ့တာနော်"

"နှစ်တွေလည်း ကြာခဲ့ပါပြီ။ အခုမှ ဘာဖြစ်လို့ ပြန်ပြောနေရတာလဲကွာ"

"ရှင့်ဆီက စကားအမှန်ကို ကြားချင်တယ်။ ရှင့်မိဘတွေနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ပြောပြစေချင်တယ်"

"တကယ့်ကို ဘာမှ ပြောစရာကို မရှိပါဘူးကွာ"

"ရှင့်က အဆုံးထိ ဆက်ညာသွားဦးမယ်ဆိုတဲ့ သဘောလား ကိုရွှေ"

ဇနီးသည်ကို ညာထားပေမဲ့ ဝန်မခံရဲတာကြောင့် ကိုရွှေက ဖွတ်မိုတ်ငြင်းပစ်လိုက်တယ်။ သူဌေးသမီးက အနားမှာထောင်ထားတဲ့ဖျာလိပ်ကို တုတ်နဲ့ တစ်ချက်ရိုက်လိုက်တယ်။

"ဒီဖျာလိပ်က စကားပြောတတ်တယ်၊ အဲဒါ ရှင်နားလည်လား။ ကိုရွှေရဲ့မိဘနှစ်ပါးစလုံး ရွာမှာ သက်ရှိထင်ရှား ရှိနေသေးလို့ကတော့ ရှင် ဘာစကားသံမှ ပြန်ကြားရမှာ မဟုတ်ဘူး။ ရှင့်မှာသာနလုံးသားရှိခဲ့ရင် သေချာပေါက် ကြားကို ကြားရလိမ့်မယ်"

"ဟား ဟား။ ဘာမှမဟုတ်တဲ့ဖျာကလေးက သက်သေလုပ်ပေးတာ ရယ်စရာမကောင်းလွန်းဘူးလား ရှင်မရေ"

"ရှင့်ကို နောက်ထပ်တစ်ခု သက်သေပြစရာရှိသေးတယ်။ ဒီမှာ ရှင်တို့မိသားစုပန်းချီကားကိုရွှေ၊ ရှင် သေချာကြည့်လိုက်ပါဦး"

ဇနီးသည်က စားပွဲပေါ်မှ ပန်းချီကားလိပ်ကို ကိုရွှေ့လက်ထဲ ထည့်ပေးလိုက်တယ်။ ကိုရွှေ ခေါင်းငိုက်စိုက်ကျသွားတယ်။ နှုတ်ခမ်းများက ဆွံ့အနေတယ်။

"ဘယ်အချိန်မှ ပြန်လာ မလား မသိတဲ့ သားအတွက်ဖျာလိပ်ဝယ်နေတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကိုရှင်တန်ဖိုးမထားတတ်မှတော့ရှင် ကတိပေးခဲ့တဲ့အချစ်အကြောင်း ဘယ်လိုမှကို ယုံကြည်ပေးလို့မရတော့ဘူး"

"ငါ အရမ်းကို မှားသွားခဲ့ပါတယ်ကွာ။ ဘဝချင်း

အခြေအနေမတူရင် ရှင်မဆီကအချစ်ကို ပြန်မရ မှာကြောက်လို့ နှစ်ဦးသား ရွှေလက်မတွဲနိုင်မှာကို တွေးပူပြီး ငါ့ဘဝအကြောင်းတွေကို လိမ်ညာခဲ့မိ ပါတယ်”

“ဒီမှာကိုရွှေ ရှင့်ကို ဘဝကြောင်ဖော်အဖြစ် ရွေး ချယ်ခဲ့တာ ရှင့်ရဲ့ ဖြူစင်တဲ့စိတ်ထားကို နှစ်သက် လို့ပါ။ ပြီးတော့ ရှင့်ရဲ့ကိုယ်ကျင့်တရား၊ အသိဉာဏ် ပညာနဲ့ ကြိုးစားမှုတွေကို သဘောကျလို့ပဲ။ လိမ် ညာခဲ့တဲ့အတွက် ထိုက်သင့်တဲ့အပြစ်ကို ရှင် လက်ခံရလိမ့်မယ်”

“ရှင်မမှာ အခု ကိုယ်လေးလက်ဝန်ရှိနေပြီ လေ။ ပြီးတော့သမီးလေးကိုလည်း စိတ်မချဘူး။ ကွဲကွာဖို့အကြောင်းတွေမပြောပါနဲ့လား။ “ကောင်း ပြီလေ ကတိ တစ်ခုတော့ ပေးရလိမ့်မယ်။ ကိုရွှေ ရှင် ရွာပြန်ရမယ်။ ရွာမှာ တစ်နှစ်တိတိနေပြီး မိဘ တွေကို ပြုစုစောင့်ရှောက်ပေးရမယ်”

ကိုရွှေ့ကို အပြစ်ပေးတဲ့အနေနဲ့ ရွာပြန်ပြီး မိဘ နှစ်ပါးကို ပြန်လည်လုပ်ကျွေးရမယ်လို့ ဇနီးဖြစ်သူ က ပြောတယ်။ ဒါပေမဲ့ တစ်နှစ်ပြည့်သွားတဲ့အခါ မှာ မိဘနှစ်ပါးကို ကိုရွှေနဲ့အတူ မြို့သို့ ခေါ်လာရ မယ်။ အိမ်မှာ ကိုရွှေအနဲ့အတူတူ နေထိုင်ရမယ် လို့ ဇနီးသည်က ပြောတယ်။

နောက်တစ်နေ့မှာ ကိုရွှေတို့အိမ်ကို ဖျာသည် လေးမောင်ထွန်း ရောက်လာပါတယ်။ အထုပ်အပိုး တွေ ပြင်ဆင်ထားတာ တွေ့လိုက်ရတယ်။ ဧည့်ခန်း ထဲမှာ ကိုရွှေနဲ့အတူ ဇနီးသည်က အဆင်သင့် စောင့်နေတာတွေ့ရတာကြောင့် အံ့သြသွားမိပြန် တယ်။

“ကဲ မောင်ထွန်းရဲ့ဖျာတွေကို သဘောကျလို့ အားလုံး အကုန်ဝယ်လိုက်မယ်၊ အကူအညီတစ်ခု တောင်းပါရစေ။ ကိုရွှေ ရွာပြန်တဲ့အခါ ခရီးသွား ဖော်အဖြစ် အတူလိုက်သွားပေးလို့ရမလား”

သူဌေးသမီးလေးရဲ့စကားကို ကြားခိုက်မှာ မောင်ထွန်း ဝမ်းသာလွန်းလို့ ချက်ချင်း စကား ပြန် မပြောနိုင်ရှာဘူး။ ခေါင်းပဲ တစ်ချက်ငြိမ့်ပြလိုက် တယ်။ ကိုရွှေမိဘနှစ်ပါးသာ သိမျှားသိရင် ဘယ် လောက်တောင် ပျော်သွားကြမလဲ။

“မောင်ရင်လေးရဲ့ဖျာက စကားပြောတဲ့အသံ ကို ကျုပ် ကောင်းကောင်းကြီး ကြားရပါပြီကွာ။ ကျေးဇူးတင်ပါတယ်”

ကိုရွှေနဲ့အတူ မောင်ထွန်းတို့နှစ်ဦးသား မြင်း လှည်းလေးကိုစီးကာ ရွာသို့ ပြန်လာကြတယ်။ ဖျာ ချပ်တွေရဲ့အဖိုးအခအပြင် အသပြာတစ်ထောင်ကိုပါ သူဌေးသမီးက မောင်ထွန်းအား လက်ဆောင် အဖြစ် ပေးလိုက်တယ်။ မိဘနှစ်ပါးနဲ့ မတွေ့ဆုံဖြစ် တာ အချိန်ကာလ အတော်ကြာခဲ့တယ်။ ယခု တစ်ဖန် ပြန်လည်ပြုစုစောင့်ရှောက်ရမယ်ဆိုတော့ ကိုရွှေလည်း ကြည်နူးပီတိဖြာနေပါတယ်။ မောင် ထွန်းရဲ့ရင်ထဲမှာလည်း အပျော်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ မိဘနှစ်ပါးအတွက် အိမ်အသစ်က လေးတစ်လုံး ဆောက်ပေးချင်တဲ့ မောင်ထွန်းရဲ့ ဆန္ဒတကယ်ပဲ ပြည့်ဝလာပြီ။ သူတို့နှစ်ဦးသားရဲ့ ဝမ်းသာ၊ ပျော်ရွှင်မှုမှာ ဘယ်သူက ဘယ်သူ့ထက် များသာပါ့လိမ့်မလဲ။

ဖီဖီ(ဆေးဝါးတက္ကသိုလ်)

Unilever

175 YEARS

Knorr

FLAVOURS OF LIFE

၁၇၅ နှစ်တိုင်တိုင် ကမ္ဘာတစ်ဝန်း အိမ်ရှင်မတိုင်းရဲ့လက်စွဲ ခနော

Knorr Brand ကို စတင် တည်ထောင်သူမှာ ဂျာမနီနိုင်ငံမှ *Mr. Carl Heinrich Knorr* ဖြစ်ပြီး *Knorr Brand* ကို ၁၈၃၈ တွင် စတင်ထုတ်လုပ်ခဲ့ပါသည်။ စတင်ထုတ်လုပ်စဉ်ကပင် သဘာဝ *Ingredient* များကို တန်ဖိုးထားပြီး မူလသဘာဝအရသာအတိုင်း ထုတ်လုပ်ခဲ့ပါသည်။ *Knorr Brand* သည် သဘာဝပစ္စည်းများကို တန်ဖိုးထားပြီး အကောင်းဆုံးအရသာနှင့် ဟင်းချက်ရလွယ်ကူမြန်ဆန်ခြင်းတို့ဖြင့် အိမ်ရှင်မများကို အမြဲကူညီပေးလျက်ရှိပါသည်။ ယခုဆိုလျှင် *Knorr Brand* သည် နှစ်ပေါင်း ၁၇၅ နှစ်တိုင်တိုင် ကမ္ဘာပေါ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၀၀) ကျော်တွင် ရောင်းချလျက်ရှိနေပါသည်။

"အနှံ့အရသာလည်းရှိ ကျန်းမာပြီး အာဟာရပြည့်ဝစေရမယ်" ဆိုတဲ့ ကတိဟာ ခနော ရဲ့နလုံးသားထဲမှာ အမြစ်တွယ်တည်ရှိနေပါတယ်။

